



# ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ
## ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့်
## မိန့်ခွန်းများ

( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | - | စာအုပ်အမှတ်စဉ် ( ၆၉/၂၀၂၅ ) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ အုပ် |
| ပုံနှိပ် | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ
# ( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ )

## မာတိကာ


- အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ် ၅

**မိန့်ခွန်းများ**

၁။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားသည့် အမှာစကား ၇

၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၁၁

၃။ တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၁၄

၄။ မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား ၁၆

၅။ မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက် ၂၄

၆။ ချန်ဒူးမြို့၌ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက် ၂၈

၇။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသည့် အမှာစကား ၃၃

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၃၅

၉။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ပြောကြားသည့် အမှာစကား ၄၃
၁၀။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၄၆
၁၁။ ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၀
၁၂။ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၅၃
၁၃။ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၅၆
၁၄။ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မော်ဘီ)သို့ သွားရောက်ကြည့်ရှု စစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၆၁
၁၅။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သည့် "ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် -၂၀၂၅" မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ် ပြောကြားသည့် မိန့်ခွန်း ၆၂
၁၆။ မော်စကိုမြို့၌ကျင်းပသည့် သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား ၆၇
၁၇။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံစဉ် ပြောကြားသည့် ဆွေးနွေးချက်များ ၇၁
၁၈။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၇၃
၁၉။ ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံစဉ် ပြောကြားသည့် ဆွေးနွေးချက်များ ၇၆
၂၀။ အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက် ၇၈

■ ■ ■

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏
# ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားသည့် အမှာစကား

## ( ၁ - ၉ - ၂၀၂၅ )




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ရှိ Tianjin Meijiang Convention Center ၌ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ SCO ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီး အစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် လေးစားအပ်ပါသော လုပ်ဖော်ကိုင်ဖက်များ တီယန်ကျင်းမြို့သို့ SOC Plus အစည်းအဝေး လာရောက်တက်ရောက်ကြသည့်အတွက် ကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေး၏ဆောင်ပုဒ်မှာ **“ဘက်စုံမူဝါဒကျင့်သုံးခြင်း၊ ဒေသတွင်းလုံခြုံရေးကို ထိန်းသိမ်းခြင်းတို့ဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်ရေးကို မြှင့်တင်ရန်”** ဖြစ်ပါကြောင်း၊ ကမ္ဘာလုံး ဆိုင်ရာ အုပ်ချုပ်မှုပဏာမအဆိုပြုချက်(Global Governance Initiative (GGI) (၅) ချက်ကို မိမိအနေဖြင့် အဆိုပြု တင်သွင်း

ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SCO အဖွဲ့၏ ဖွံ့ဖြိုး တိုးတက်မှုနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အထောက်အကူ ဖြစ်စေမည့် ယခုအစည်းအဝေးသည် အောင်မြင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ဆွေးနွေးပြောကြားသည်။ ထို့နောက် ဘယ်လာရုစ် နိုင်ငံသမ္မတ၊ အီရန်နိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ္စတန်နိုင်ငံသမ္မတ၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ တာဂျစ်ကစ္စတန်နိုင်ငံ သမ္မတ၊ ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ၊ ဗီယက်နမ် နိုင်ငံဝန်ကြီးချုပ်၊ အဇာဘိုင်ဂျန်နိုင်ငံသမ္မတ၊ အာမေးနီး ယား နိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံသမ္မတ၊ မော်လ်ဒိုက်နိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ၊ နီပေါနိုင်ငံဝန်ကြီးချုပ်၊ တူကီယဲသမ္မတနိုင်ငံသမ္မတ၊ အီဂျစ်နိုင်ငံဝန်ကြီးချုပ်၊ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံကိုယ်စားလှယ်၊ အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်တို့က အသီးသီးဆွေးနွေးပြောကြားကြသည်။

ထိုသို့နိုင်ငံအလိုက် ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယခုအစည်း အဝေးကို တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲ များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါဟု ပထမ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO Plus) ထိပ်သီး အစည်းအဝေးကို မိမိအားပါဝင်တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုအစည်းအဝေး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကိုယ်စား တက်ရောက်အမှာ စကား ပြောကြားခွင့်ရရှိသည့်အတွက်လည်း များစွာ ဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင် ရွက်မှုအဖွဲ့ (SCO Plus) ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့၏ ယခုနှစ်အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို မိမိအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြား လိုပါကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) သည် ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့စဉ်ကတည်းက ဒေသတွင်း လုံခြုံရေးအတွက် ဖိုရမ်တစ်ခုအနေဖြင့် ရပ်တည်ခဲ့ခြင်းဖြစ်ပြီး စက်မှုထိပ်သီးနိုင်ငံများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပေါကြွယ်ဝသည့်နိုင်ငံများ၊ မြေပေါ် မြေအောက် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံများ၊ စိုက်ပျိုး မွေးမြူရေးအားကောင်းသည့်နိုင်ငံများ စသည်ဖြင့် ပါဝင် ပါကြောင်း၊ ယခုအခါ အင်အားကြီးနိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့ နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး ဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ရန်အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှု နှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့် နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ်ကို ရောက်ရှိလာပြီး ကမ္ဘာလုံး ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင် ရွက်မှုအဖွဲ့ (SCO Plus) ထိပ်သီးအစည်းအဝေးကို

နိုင်ငံ့ခေါင်းဆောင်များ စုံညီစွာတက်ရောက်လာမှုအတွက် မိမိတို့ ဥရောပ–အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသော စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိပါကြောင်း၊ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ အခြေခံမူများဖြစ်သည့် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာအား လေးစားမှုရှိရေးနှင့် တန်းတူညီမျှမှုရှိရေးတို့ကို မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် နိုင်ငံတကာစင်မြင့်ပေါ်တွင် အပြုသဘောဆောင်သည့်

> မိမိတို့ ဥရောပ–အာရှဒေသ၏ မျှော်မှန်းချက်များကို ခိုင်မြဲသော စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်ကို ဖော်ညွှန်းပြသလျက်ရှိ၊ မိမိတို့အကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန် တန်ဖိုးထားလေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် မိမိတို့အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်။

ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရာတွင်ထားရှိသည့် ခိုင်မာသောအခြေခံအုတ်မြစ်နှင့် များစွာ အလားသဏ္ဍာန် တူပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်၊ မေလက ပါဝင်ခွင့်ရရှိခဲ့ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများကိုလည်း တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံပေးနိုင်ပါရန် အလေးအနက်ထား မေတ္တာရပ်ခံလိုပါကြောင်း။

အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိလျက်ရှိသည့်အပြင် ကောင်းမွန်မျှတသောအပူပိုင်းဒေသရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများစွာရှိပါကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း နီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့် ဒေသတစ်ခုကိုပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပါအဝင် စွမ်းအင်စီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားရှိပါကြောင်း။

လုံခြုံရေးကဏ္ဍတွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO) အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့ မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာတွင် ထိရောက်သည့်အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါကြောင်း၊ ထို့အပြင် ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု (AI) နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင်ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံး တိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ မူဘောင်များအောက်မှပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး Mr. Xi Jinping က ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှု ပဏာမ အဆိုပြုချက် (Global Governance Initiative–GGI)(၅) ချက်ကို တင်သွင်းခဲ့ပါကြောင်း၊ အဆိုပြုချက် (၅) ချက်သည် မိမိရှေ့ပိုင်းတွင် ဆွေးနွေးတင်ပြခဲ့သည့် အခြေအနေများနှင့် ထင်ဟပ်နေပါကြောင်း၊ လက်တွေ့ကျပါကြောင်း၊ နိုင်ငံအများအပြားရင်ဆိုင်နေရသည့် မမျှတမှုများကို ယခုအဆိုပြုချက် (၅) ချက်ပါ လုပ်ငန်းရပ်များနှင့် ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုရမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီး Mr. Xi Jinping ရဲ့အဆိုပြုချက်ကိုထောက်ခံသည်ကိုပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေနှင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် "၂၀၂၅–၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025–2035)"ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့(SCO)၏ မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကိုတက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ကို အခိုင်အမာ ပြောကြားလိုပါကြောင်း။

အဆွေတော်သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသည့် ဧည့်သည်တော်များအားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားများအားလုံး ဘေးအန္တရာယ်ကင်းဝေးစွာဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ကမ္ဘာ့နိုင်ငံများအားလုံး ဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂ - ၉ - ၂၀၂၅ )





တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား ဒေသစံတော်ချိန် စက်တင်ဘာလ ၂ ရက်နေ့ ညနေ ၅ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့က သံရုံး၊ စစ်သံရုံး မိသားစုများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုကြောင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအခမ်းအနားများသို့ တက်ရောက်ခွင့်

ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များကို ရရှိစေကြောင်း။

မိမိ၏ အလုပ်သဘောခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး ကောင်းမွန်သည့် ရလဒ်များရရှိအောင် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လျက်ရှိကြောင်း၊ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံမှု တိုးတက်ကောင်းမွန်အောင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးအချိန်မှစတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်၍ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်းတွင် ဒီမိုကရေစီစနစ် ခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ကြောင်း။

တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောင်မြင်စွာဖြင့် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများကို ရရှိနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအား ဒေသအလိုက်တည်ငြိမ်အေးချမ်းမှုများကိုအခြေခံ၍ အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း အဆိုပါမဲပေးစနစ်ဖြင့် ဆန္ဒမဲများပေးလျက်ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၌ ရွေးကောက်ပွဲသည် အရေးကြီးပြီး ရွေးကောက်ပွဲပြုလုပ်ရာတွင် မဲမသမာမှုများမဖြစ်ရန် အရေးကြီးကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအနေဖြင့် ပညာတတ်များဖြစ်ရန်လည်းလိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးပြုနိုင်မည့်သူကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်နိုင်ရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးစ အချိန်မှစတင်၍ နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဖြင့်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် စီမံခန့်ခွဲမှုနှင့် လွဲမှားသည့်မူဝါဒများကြောင့် နိုင်ငံ့စီးပွားရေးမှာ ကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန်များ ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်အောင် ထုတ်လုပ်နိုင်မှသာ နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့အတူ တစ်ဦးချင်းအနေဖြင့် အလုပ်လုပ်မှသာ နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အတန်းပညာရှိသည့် ပညာတတ် လူသားအရင်းအမြစ်များ လုံလောက်စွာရှိရန်လိုကြောင်း၊ အတန်းပညာများ တိုးတက်လာမှသာ အသိပညာများ တိုးတက်

လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုသည့် ဆောင်ပုဒ်များကိုချမှတ်ထားကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်းနေထိုင်ကြသူများအားလုံးတွင် တာဝန်ရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးအတွက် သံတမန်တာဝန်ထမ်းဆောင်နေကြသူများ ရှိသကဲ့သို့ နိုင်ငံတော်၏အကျိုးကို ထမ်းဆောင်နိုင်ရန်အတွက် ပညာတော်သင်အဖြစ် လာရောက်ပညာသင်ကြားနေကြသူများလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# တရုတ်နိုင်ငံ ဟာပင်းမြို့တွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၄ - ၉ - ၂၀၂၅ )



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟာပင်းမြို့တွင် အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟာပင်းမြို့ရှိ တက္ကသိုလ်များ၌ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအား ဒေသစံတော်ချိန် စက်တင်ဘာလ ၄ ရက်နေ့ ညနေ ၅ နာရီခွဲတွင် ဟာပင်းမြို့ရှိ ရှန်ဂရီလာ ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဟာပင်းမြို့ရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းများ လာရောက်တက်ရောက်၍ ပညာသင်ကြားခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် လက်ရှိအချိန်တွင် အကောင်းဆုံးအခြေအနေတွင် ရှိနေကြောင်း၊ မိမိအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်

အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ကမ္ဘာကြီး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အဖွဲ့အစည်းဖြစ်ပြီး မကြာမီအချိန်အတွင်း မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ဝင်ဖြစ်လာမည်ဟု ယုံကြည်ကြောင်း။

**ပြန်လည်မျှဝေပေး**

သင်တန်းများ လာရောက်သင်ကြားချိန်တွင် သင်ကြားရသည့် ပညာရပ်များအလိုက် အကောင်းဆုံးသင်ယူသွားရန်လိုပြီး ပညာပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မိမိတို့၏ ဌာနများအလိုက် မိမိတို့သင်ကြားခဲ့ရသည့် ပညာရပ်များနှင့် ပတ်သက်၍ ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူတရုတ်နိုင်ငံတွင် ပညာသင်ကြားခဲ့ရမှု အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် လူနေမှုအဆင့်အတန်းဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာ နေထိုင်မှုများကိုလည်း ပြန်လည်မျှဝေပေးရန်လိုကြောင်း၊ တရုတ်နိုင်ငံတွင် ပညာသင်ကြားနေချိန်အတွင်း တရုတ်ဘာသာစကားကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းအောင် လေ့လာသင်ကြားသွားရန်လိုကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ချိန်တွင် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မဲစာရင်းများ မှားယွင်းမှုနှင့် မဲမသမာမှုများမဖြစ်စေရေး မြန်မာ အီလက်ထရောနစ်မဲပေးစက်များဖြင့် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရပ်ခြားတွင် ပညာသင်ကြားနေချိန်အတွင်း မိမိတို့၏ ကျန်းမာရေးကောင်းမွန်စေရေး နေထိုင်ဆောင်ရွက်သွားကြရန်နှင့် ပညာသင်ကြားမှုများကိုလည်း ပြီးဆုံးအောင်မြင်သည်အထိ သင်ယူသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲတွင် ပြောကြားသည့် အမှာစကား

( ၆ – ၉ – ၂၀၂၅ )





မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲကို စက်တင်ဘာလ ၆ ရက်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Shangri La ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ ၁၂၀ ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာ**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၁၉၅၀ ပြည့်နှစ်မှစတင်၍ ထူထောင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးတွင် မဟာဗျူဟာမိတ်ဖက်၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည်အထိ အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်လာကြကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်

သည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ အခြားသော နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမို ကျယ်ပြန့်လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Myanmar–China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေး နှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အလားအလာ ကောင်းများဖြင့် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် (၂) နေရာတွင်ရှိကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၈၀၀၀ ကျော်၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၃၀၀၀ ကျော်ရှိသည့် အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်း နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့် စိုက်ပျိုးရေး ထွက်ကုန်များ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ် အခြေခံအချောထည်ထုတ်ကုန်များကို အဓိကတင်ပို့ လျက်ရှိကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် တန်ဖိုးမြင့် သစ်အခြေခံထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း ပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုး မြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေ သည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ် များသည် အရေးပါသောကဏ္ဍက ပါဝင်နေကြောင်း၊ နှစ် နိုင်ငံအကြား နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးသဘောတူစာချုပ်အရ မြန်မာ–တရုတ် နယ်စပ်တစ်လျှောက်တွင် စုစုပေါင်းနယ်စပ်ဂိတ် ရှစ်ခု ရှိပါကြောင်း၊ လက်ရှိအချိန်တွင် နယ်မြေလုံခြုံရေးအခြေ အနေအရ အဆိုပါနယ်စပ်ဂိတ် ရှစ်ခုအနက် မူဆယ်–ရွှေလီ နယ်စပ်ဂိတ် တစ်ခုသာ ဖွင့်လှစ်ထားရှိနိုင်ပြီး ကျန်နယ်စပ် ကုန်သွယ်ရေးဂိတ်များအား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် ရပ်တန့်ထားရကြောင်း၊ မိမိတို့နှစ်နိုင်ငံ ကုန်သွယ်မှုကို ထိခိုက်စေခဲ့ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသောကြောင့် နယ်စပ် ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်သည်ကိုပြောကြားလိုကြောင်း။

**ကုန်စည်စီးဆင်းမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက် နိုင်မည်**

ယခုအခါ မြန်မာ–တရုတ် နယ်စပ်ဒေသ မတည်ငြိမ် မှုများကြောင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့် မြူနီစီပယ်ဒေသများ၏ စီးပွားရေးကိုလည်း ထိခိုက်လျက် ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၊ အရှေ့ မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်ဒေသ၊ ကွမ်ရှီးပြည်နယ် နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွား နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်–မြန်မာနှစ်နိုင်ငံလုံးအတွက် အဓိကကုန်သွယ်ရေး လမ်းကြောင်း ဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့ တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ မှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား(Landbridge) အနေ ဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေး ဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင် မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာ အလေးထားပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်တိုးချဲ့ဖွင့်လှစ် နိုင်ပါက ကုန်ပစ္စည်းအမျိုးအစားများနှင့် တန်ဖိုးမြင့် ထုတ်ကုန်များ (Value–Added Products) ချဲ့ထွင် တင်/ပို့ ရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးချဲ့ဖောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးကိစ္စ

ရပ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံ၏ အကူအညီအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒူးမြို့သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ အဓိကစီးပွားရေးစင်တာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေး၊ နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင် စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာ များစွာရှိကြောင်း၊ ချန်ဒူးမြို့တွင် Intel၊ Foxconn ၊ Dell တို့ကဲ့သို့ အီလက်ထရောနစ်နှင့် အိုင်တီနည်းပညာကုမ္ပဏီများ၊ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ စသည့်လုပ်ငန်းများစွာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထို့ပြင် ချန်ဒူးမြို့တွင် နည်းပညာကဏ္ဍနှင့် ပတ်သက်၍ များစွာဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရပြီး တရုတ်နိုင်ငံအနောက်ပိုင်းဒေသတွင် ပထမဆုံး AI နည်းပညာဆန်းသစ်တီထွင်မှုနှင့် အသုံးချမှု စမ်းသပ်ဇုန်အဖြစ် မှတ်တိုင်ထူခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ မိမိအနေဖြင့် အဆိုပါ လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုကြောင်း။

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

လက်ရှိအချိန်တွင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများစွာရှိကြောင်း၊ စီချွမ်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အကြား စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ပူးပေါင်းဆောင်ရွက်မှုများအားကောင်းလာစေရေးအတွက် ချစ်ကြည်ရင်းနှီးသောပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေး တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒူးမြို့နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တို့အကြားတွင်လည်း ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးသွားရန်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ရန်ကုန်-ချန်ဒူး ခရီးသည်တင် လေကြောင်းလိုင်းများကိုလည်း ပြန်လည်ပြေးဆွဲနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေ များပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံစည်းရာနေရာ၌ ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့်နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများစွာရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

**ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိ**

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(Belt and Road Initiative–BRI) တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့် ရေကြောင်းလမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဟူ၍ မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှုပိုးလမ်းမသစ် (Silk Road Economic Belt) နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာဆက်သွယ်မှု ပိုးလမ်းမ (Maritime

Silk Road) ဟူ၍ သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာစင်္ကြံ ခြောက်ခုပါရှိကာ မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်း နှစ်မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ကုန်းမြေတည်ရှိမှုအရ အကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေး မဟာဗျူဟာအရလည်း အချက်အချာကျသည့် နိုင်ငံတစ်ခုဖြစ်သည့်အပြင် အာရှအဝေးပြေးလမ်းနှင့် အာရှဖြတ်ကျော်ရထားလမ်းကွန်ရက်နှစ်ခုလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ပိုးလမ်းမစီးပွားရေးရပ်ဝန်းတွင် အရေးပါသည့်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor–CMEC) ကို တည်ထောင်ထားပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရန်၊ နယ်စပ်ဒေသများတွင် အထူးစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ CMEC မူဘောင်အောက်မှ တစ်ဆင့်တရုတ်-မြန်မာစီးပွားရေးစင်္ကြံဆိုင်ရာဆောလျင်စွာ ဆောင်ရွက်မည့်စီမံကိန်း (Early Harvest Project) ခြောက်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်တွင် နှစ်နိုင်ငံအကြား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ တရုတ်-မြန်မာ ရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် မဟာခေတ်အားလိုင်းစီမံကိန်း စသည့် အရေးကြီးသော စီမံကိန်းများစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများအနက် တရုတ်-မြန်မာ ရထားလမ်းစီမံကိန်းသည် မိမိတို့နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရလဒ်ကောင်းများ ရရှိနိုင်သည့် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ကြောင်း။

အဆိုပါမီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်းတွေ့ရှိရကြောင်း၊ အာရှတိုက်နှင့် ဥရောပတိုက်နှစ်ခုလုံးတွင် ပါဝင်သော ရုရှားနိုင်ငံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား အလယ်ဗဟိုတွင်ရှိသော မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ပထဝီအနေအထားအရ အချက်အချာကျလှကြောင်း၊ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ ဗဟိုချက်မမြို့တစ်မြို့ဖြစ်သော နိုဗိုစီဗစ်မြို့နှင့် ဥရောပတိုက်ဘက်တွင် တည်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် စိန့်ပီတာစဘတ်မြို့တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ နှစ်နိုင်ငံအကြား ကုန်စည်ကူးသန်းမှုများ တိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း၊ တရုတ်နိုင်ငံရှိ ချုံချင့်၊ ကူမင်း၊ နန်နင်း၊ ဟောင်ကောင်မြို့များတွင်လည်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ နှစ်နိုင်ငံ ကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊

> **မီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှု ပြုလုပ်နိုင်မည့် အလားအလာကောင်းများ ရှိသည်ကိုလည်း တွေ့ရှိ၊ အာရှတိုက်နှင့် ဥရောပတိုက်နှစ်ခုလုံးတွင် ပါဝင်သော ရုရှားနိုင်ငံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား အလယ်ဗဟိုတွင်ရှိသော မြန်မာနိုင်ငံတို့ အကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပထဝီအနေအထားအရ အချက်အချာကျလှမည်ဖြစ်။**

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှား သုံးနိုင်ငံပူးပေါင်း၍ ကုန်သွယ်ရေးကဏ္ဍအား တိုးချဲ့ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်စည်စီးဆင်း မှုကိုလည်း များစွာအထောက်အကူပြုနိုင်သည့်အခွင့်အလမ်း ကောင်းများ ထွက်ပေါ်လာနိုင်ကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်မှ စတင် အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာသဘောတူ စာချုပ်(ACFTA)နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့်လွယ်ကူချောမွေ့စေရေး အစီအမံ များကြောင့် မိမိတို့နှစ်နိုင်ငံအကြားအပြင် ဒေသတွင်း ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာ တိုးမြှင့် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း။

**ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိ**

တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံး ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Global Development Initiatives - GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် မိမိတို့မြန်မာနိုင်ငံ သည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှု များဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်း လည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှု နှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက် ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ အတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာ ခွင့်များကို သိသာစွာ ပံ့ပိုးပေးထားသည့်အပြင် မြန်မာ နိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှု ဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေးအတွက် လည်း ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု

**တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင် ဦးရွက်ပြုမှုအစီအစဉ် (Global Development Initiatives - GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် မိမိတို့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်၊ မိမိတို့အနေဖြင့် တရုတ်မိတ်ဖက် စီးပွားရေး လုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်း လည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန်ရည်ရွယ်၍ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ် ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမို တိုးမြှင့်သွားစေလို။**

များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေစေရေး ယွမ်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်ရေး စဉ်းစားဆောင်ရွက်နေပြီး မကြာမီအချိန်အတွင်း အဖြေပေးနိုင်လိမ့်မည်ဖြစ်ကြောင်း။

**သိသာသည့်ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်**

လာမည့်ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှုအခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်၊ မြေအောက်၊ ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းလိုက်မည်ဆိုပါက နှစ်နိုင်ငံအတွက် သိသာသည့်ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစီပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့ရှိ တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများက မန္တလေးလျှင်ကြီး လှုပ်ခတ်ပြီးချိန်၌ တရုတ်နိုင်ငံမှ အဖွဲ့အစည်းများက အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် လေ့လာဆန်းစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ လျှပ်စစ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှု၊ ပို့ကုန်သွင်းကုန်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ချမှတ်ထားသည့် မူဝါဒများအား သိရှိလိုမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်လိုမှု၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ယွမ်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးစေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုများအား အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကို သိရှိလိုမှု၊ သွင်းကုန်လုပ်ငန်းများအတွက် ခွင့်ပြုချက်လိုင်စင်များ လျှောက်ထားရာတွင် အချိန်ကာလ ကြာမြင့်မှုများဖြစ်ပေါ်နေမှုကို ဖြေရှင်းဆောင်ရွက် ပေးစေလိုမှု၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ကိရိယာအသုံးအဆောင်ပစ္စည်းများ တင်ပို့လိုမှု၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းလုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်သွားစေလိုမှု၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှု အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြသည်။

မေးမြန်းဆွေးနွေးမှုများအပေါ် ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တင်ဒါလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လာမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်စေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့် မြေနေရာများကို ခွင့်ပြုရာတွင်လည်း သတ်မှတ်ချက်များအညီသာ ခွင့်ပြုပေးမှု၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမည်ဆိုပါက မြေလွတ်မြေရိုင်းများကို မြန်မာနိုင်ငံ မြေလွတ်မြေလပ်နှင့် မြေရိုင်းများဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊

မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မှု၊ ကုမ္ပဏီများတွင် နည်းပညာရှင်များအား သတ်မှတ်ထားသည့်နှုန်းထားများဖြင့် ပညာရှင်များကို ငှားရမ်းရန် မူဝါဒချမှတ်ထားမှု၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပေါ်ဆန်းမွှေးဆန်အား တရုတ်နိုင်ငံသို့တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်ကိရိယာများ လိုင်စင်လျှောက်ထားခြင်းများဆောင်ရွက်ရာတွင် သွင်းကုန်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး ထုတ်လုပ်စေလိုမှု၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာစေရေး လာရောက်ရင်းနှီးဆောင်ရွက်စေလိုမှု၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ စီမံကိန်းလုပ်ငန်းစဉ်အား နှစ်နိုင်ငံပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပြောကြားမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ငလျင်ဘေးဒဏ်သင့်နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ကုမ္ပဏီများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီပါက လုပ်ငန်းများဆောင်ရွက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အဆောက်အအုံများကို နိုင်ငံတော်အစီအစဉ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကအဆောက်အအုံများနှင့်ပတ်သက်၍လည်း UMFCCI ဖြင့် ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီမှ ကြိုတင်ငွေများဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း ခွင့်ပြုပေးနိုင်ကြောင်း၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေးအတွက် ယွမ်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်ရေး စီစဉ်လျက်ရှိကြောင်း။

ကျပ်ငွေဖြင့် တိုက်ရိုက်ပေးချေမှုများကို ခွင့်ပြုပေးနိုင်ရေး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန်ပမာဏကန့်သတ်ချက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ငွေကြေးများအား ပိတ်ဆို့ခံထားရမှုကြောင့် ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေပြီး ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ပိုမိုလျင်မြန်လာမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့လာရောက်ခဲ့သည့် ခရီးစဉ်သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ထိစပ်နေသည့် ပြည်နယ်များနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်မှုနှင့် ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား တရုတ်နိုင်ငံသို့ တင်သွင်းရန်နှင့် တရုတ်နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တင်သွင်းရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူပေးခြင်းအားဖြင့်လည်း တရုတ်နိုင်ငံမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင်မြေပေါ်မြေအောက်နှင့် ရေသယံဇာတများရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံ အပြန်အလှန်ပို့ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်းဖြင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေ လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ယွမ်ဖြင့်လာရောက်၍ ရင်းနှီးမြှုပ်နှံနိုင်ရန် ခွင့်ပြုနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် သယံဇာတများကို ကုန်ကြမ်းများအဖြစ် ပြည်ပသို့တင်ပို့ခွင့်မပြုဘဲ ကုန်ချော သို့မဟုတ် တစ်ဝက်တစ်ပျက်ကုန်ချောအဖြစ်သာ တင်ပို့ခွင့်ပြုကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်

မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ကြစေလိုကြောင်း။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများရှိ စက်ပစ္စည်းများအတွက် လိုအပ်သည့်သွင်းကုန်များကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုများတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကုမ္ပဏီများ အလိုက် လာရောက်ဆွေးနွေးနိုင်ကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို မထိခိုက်စေရန် အတွက် ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်နိုင်ရေး ဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ချိန်တွင် လုံခြုံရေးအရ အကာအကွယ်ပေးရေးအတွက်လည်း ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြီးဆုံးချိန်၌ တည်ငြိမ်အေးချမ်းမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ အေးအတူပူအမျှနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံအဖြစ် ရဲရဲတင်းတင်းလာရောက် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

## ( ၆ - ၉ - ၂၀၂၅ )




တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စက်တင်ဘာလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်၊ စီချွမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ ချုံချင့်မြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွား

ကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင် အဖွဲ့ဝင် ညွှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက် မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ် ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွား ပြည်သူများ၊ တရုတ် ရိုးရာနဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့ များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက တပ်မတော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် "တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည် ပါစေ"၊ "အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ" စသည့် ကြွေးကြော်သံများကိုကြွေးကြော် ၍လည်းကောင်း၊ "မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက် အောင်မြင်ပါစေ"၊ "နိုင်ငံ့အရေးအတွက် ဆောင်ရွက်ခဲ့ သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါ၏"၊ "မြန်မာ-တရုတ် အေးအတူပူအမျှဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှု အောင်မြင်ပါစေ" စသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ တရုတ်- မြန်မာ နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာလာစဉ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာကြသည့် မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပြီး မေးမြန်း ဖြေကြားမှု အပြည့်အစုံမှာ-

ကျွန်တော်ပြီးခဲ့တဲ့ ဩဂုတ်လ ၃၀ ရက်နေ့ကနေစပြီး တော့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ပြုလုပ်တဲ့ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင် ရဲ့ ဖိတ်ကြားချက်အရ တက်ခဲ့ပါတယ်။ ဒီမှာလည်း အစည်းအဝေးအဖွဲ့ဝင်နိုင်ငံတွေ၊ လေ့လာသူနိုင်ငံ၊ ဆွေးနွေးဖက်နိုင်ငံတွေ တက်ကြပါတယ်။ တော်တော် များများ ခေါင်းဆောင်တွေနဲ့ Bilateral တွေ့ဆုံနိုင်ခဲ့တာ ရှိသလို တွေ့ဆုံဆွေးနွေးပြောကြားမှုတွေလည်း ရှိပါ တယ်။ အလားတူစွာပဲ စက်တင်ဘာလ ၃ ရက်နေ့မှာ ပြုလုပ်တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေး စစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင် ခြင်း နှစ် (၈၀) ပြည့် အခမ်းအနားကိုလည်း တက်ရောက် ခဲ့ပါတယ်။ တော်တော်ကို အောင်မြင်တဲ့၊ ကောင်းမွန်တဲ့ အခမ်းအနားတွေလည်း ဖြစ်ပါတယ်။

အထူးသဖြင့် ကမ္ဘာမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာတွေ၊ အခြေအနေအရပ်ရပ်ကို ဒီမှာ ပွင့်ပွင့် လင်းလင်းပဲ ဆွေးနွေးခဲ့တာရှိတယ်။ ကျွန်တော် နိုင်ငံ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာလည်း နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တွေနဲ့ မြန်မာနိုင်ငံမှာ လာမယ့်ဒီဇင်ဘာလမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲအခြေအနေကို ကျွန်တော်ရှင်းပြပါတယ်။

တွေ့ဆုံဆွေးနွေးခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေရော၊ တွေ့ဆုံပြောဆိုနိုင်ခဲ့တဲ့ ခေါင်းဆောင်တွေရောက မြန်မာနိုင်ငံကို ကမ္ဘာမှာ အပြည့်အဝနားလည်ပြီးတော့မှ အားလုံးရပ်တည်ထောက်ခံမှု ပြုခဲ့ကြတယ်။ စောစောကပြောတဲ့ ဒီဇင်ဘာလမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲလည်း အားလုံးထောက်ခံတယ်။ သူတို့လည်း ဒီဟာနဲ့ပတ်သက်ပြီးတော့ အောင်မြင်အောင် သူတို့ဆန္ဒပြုတဲ့အကြောင်းတွေလည်း သူတို့ ပြောပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့ရက်က တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းမှာရှိတဲ့ ဟာပင်းမြို့ကိုသွားခဲ့ပါတယ်။ အဲ့မှာလည်း စိုက်ပျိုးရေးလုပ်ငန်း၊ အီလက်ထရောနစ်၊ အင်ဂျင်နီယာလုပ်ငန်း ဒါတွေ ကြည့်ခဲ့တာပေ့ါလေ။

ထို့ အတူပဲ နောက်ဆုံးခရီးစဉ်အဖြစ် စီချွမ်ပြည်နယ် ချန်ဒူးကို ရောက်ပါတယ်။ စီချွမ်ပြည်နယ်မှာလည်း ငလျင်ဒဏ်နဲ့ပတ်သက်ပြီး ကြုံတွေ့ခံစားပြီးတော့မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တကယ့်ကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့တဲ့ ပြည်နယ်တစ်ခုဖြစ်တော့ သူတို့ရဲ့ အတွေ့အကြုံကို မျှဝေကြည့်ရှုခဲ့တာရှိတယ်။ နောက်စိုက်ပျိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ အင်မတန်အားရဖို့လည်း ကောင်းပါတယ်။ အလားတူပဲ တီယန်ကျင်းရော၊ ချန်ဒူးမှာရော တရုတ်နိုင်ငံရဲ့ စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွေ ကုမ္ပဏီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပြီးတော့ ကျွန်တော်နဲ့ပါလာတဲ့ ဝန်ကြီးတွေကလည်း သူတို့ရဲ့ မေးမြန်းချက်တွေလည်း ဖြေကြားပေးတာတို့ ကျွန်တော်ကိုယ်တိုင်လည်း သူတို့ရဲ့ သိလိုတဲ့အချက်အလက်တွေပေ့ါ သူတို့ မေးတဲ့အပြင်ကို ကျွန်တော်ကလည်း သိသင့်တဲ့ အချက်အလက်တွေကိုလည်း ဖြေပေးနိုင်ခဲ့ပါတယ်။

နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တွေကတော့ တော်တော်ကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ ပြောချင်တယ်။ နောက်တစ်ခုကလည်း တရုတ်နိုင်ငံကတော့ အလုံးစုံ AI ကို အတော်လေး ဦးစားပေးလာတာ တွေ့ပါတယ်။ Green Zone ၊ Green Revolution လို့ပြောမလား အစိမ်းရောင်နဲ့ပတ်သက်တဲ့ဟာကိုတော့ သူတို့တော်တော်ဦးစားပေးတာကို တွေ့တယ်။ ကျွန်တော်တို့ တော်တော်အတုယူဖို့ ကောင်းပါတယ်။ ကျွန်တော်တို့လည်း မြန်မာ နိုင်ငံမှာလည်း “ နိုင်ငံတော်သာယာဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့” ဆိုတဲ့ ဆောင်ပုဒ်နဲ့ လုပ်နေတာရှိပါတယ်။ ကျွန်တော့်ရဲ့ မူဝါဒပါပဲ။ ကျွန်တော်တို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ နိုင်ငံတော်ကို လှုပ်ရှားရမှာ ဖြစ်ပါတယ်။ အလားတူစွာပဲ အစည်းအဝေး ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ လိုတယ်ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့လည်း ကုန်ထုတ်လုပ်မှုတွေ လုပ်မှရမယ်။ သူတို့ဆီကနေ ကုန်ပစ္စည်းတွေ သွင်းရုံနဲ့မရဘူး။ ကျွန်တော်တို့ပစ္စည်းတွေလည်း ပို့ဖို့လည်းလိုတယ်။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့ လုပ်ရမယ်။

ဒါကြောင့် “နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့” ဆိုတဲ့ ဆောင်ပုဒ်လေး ကျွန်တော်နဲ့ ဆောင်ရွက်နေတာ ရှိပါတယ်။ တိုင်းပြည်အတွက် အလုပ်လုပ်ဖို့လိုတယ်။ အလုပ်မလုပ်ဘဲနဲ့တော့ မရဘူး။ နောက်တစ်ခါ နည်းပညာလည်း တော်တော်မြင့်မားတာ တွေ့ပါတယ်။ ကျွန်တော်ရောက်ခဲ့တဲ့ ခရီးစဉ် အကြိမ်ကြိမ်ရှိပါပြီ။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက အံ့မခန်းဖွယ်ရာဖြစ်အောင်ရှိပါတယ်။ တကယ်ကို တကယ်လက်တွေ့ကျကျ သုံးသပ်ကြည့်မယ်ဆိုရင် ဒီအတိုင်းပဲ တွေ့ပါတယ်။ ကျွန်တော်တို့က သူတို့ကို အမီလိုက်နိုင်ဖို့ တော်တော်ကိုလိုပါတယ်။ တိုးတက်ဖို့ဆိုရင်လည်း အတတ်ပညာ၊ အသိပညာတွေ တော်တော်လိုပါတယ်။ အတတ်ပညာ၊ အသိပညာရဖို့အတွက်ဆိုရင် ပညာရေးကလည်း အခြေခံတွေ ကောင်းမှရမယ်။

ဒါကြောင့် အခြေခံဖြစ်တဲ့ ပညာရေးကောင်းအောင်လည်း ကြိုးစားဖို့လိုပါတယ်။ ပညာတတ်တွေ ပေါကြွယ်ဝပြီဆိုမှ အတတ်ပညာတွေ ပိုကောင်းလာပြီးတော့ သူတို့နဲ့ယှဉ်ပြီး လုပ်နိုင်မယ်။ သူတို့ ကျွန်တော့်ကိုမေးတဲ့ မေးခွန်းတစ်ခုရှိတယ်။ သူတို့ တကယ်လို့ မြန်မာနိုင်ငံမှာ လာရောက်အလုပ်လုပ်ပြီဆိုရင် မြန်မာနိုင်ငံက လူသားအရင်းအမြစ်တွေကို ရနိုင်မလားဆိုတဲ့ဟာတွေ၊ သတ်မှတ်ထားတဲ့အတိုင်း တာဝန်ပေးရမှာလားဆိုတဲ့ မေးခွန်းတွေ မေးလာတယ်။ ကျွန်တော်တို့ ဥပဒေက လုပ်ကိုလုပ်ရမယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင်လည်း သူတို့နဲ့ လက်တွဲပြီးတော့မှ ယှဉ်တွဲပြီး လုပ်နိုင်မယ့် လူသားအရင်းအမြစ်တွေလိုတယ်။ အဲဒီလူသားအရင်းအမြစ်တွေ မလုပ်နိုင်ဘဲနဲ့ ကျွန်တော်တို့ ဘယ်လိုလက်တွဲလုပ်လို့ရမလဲ။

ဒါကြောင့် ကျွန်တော်တို့ တိုင်းပြည်ကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ ကြိုးစားအားထုတ်ဖို့

လိုတယ်ဆိုတာ ပြောချင်ပါတယ်။ ဒီလို လုပ်နိုင်ဖို့ဆိုရင် တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့လိုတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့အတွက်ဆိုရင် တကယ်ကို အသိရှိရှိနဲ့ လုပ်မှရမှာ။ ကျွန်တော်တို့ ရပ်တည်ချက်လည်း ဘယ်လိုမှမပြောင်းလဲပါဘူး။ ကျွန်တော်ရအောင်လုပ်သွားမှာ ဖြစ်ပါတယ်။

လာမယ့်ဒီဇင်ဘာရွေးကောက်ပွဲပြီးလို့ရှိရင်နောက်ထပ်ဖြစ်ပေါ်လာမယ့် ပြည်သူက ရွေးချယ်တဲ့ လမ်းကြောင်းအတိုင်းပဲ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရှေ့ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်သွားမှာ ဖြစ်ပါတယ်။ အဲဒီမှာမှ ကျွန်တော်တို့က ဒါကိုပဲ အငြင်းပွားပြီးတော့မှ လုပ်နေမယ်ဆိုရင် ကနကောစ လုပ်နေမယ်ဆိုရင်တော့ တိုးတက်မှု အသီးအပွင့်တွေဟာ အပြည့်အဝခံစားရမှာတော့ မဟုတ်ဘူး။ ဒါကြောင့် တည်ငြိမ်အေးချမ်းဖို့အတွက်လည်း လိုပါတယ်။ တည်ငြိမ်အေးချမ်းဖို့ဆိုရင် နိုင်ငံရေးအသိရှိရှိနဲ့ လုပ်ဖို့လည်းလိုပါမယ်။ နံပါတ်တစ်အချက် တည်ငြိမ်အေးချမ်းအောင် ကြိုးစားရမယ်။ အတန်းပညာရှိအောင် ကြိုးစားရမယ်။ ပြီးလို့ရှိရင် ပညာရေးနဲ့ပတ်သက်ပြီး ရအောင်မြှင့်တင်ပေးရမယ်။ ကျွန်တော်တို့ အလုပ်လုပ်ဖို့လိုတယ်။ ဒါတွေ လုပ်နိုင်မှသာ ကျွန်တော်တို့ အခုသွားတဲ့ ဒီခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့ ရလဒ်တွေကို ကျွန်တော်တို့က ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ။

■ ■ ■

# ချန်ဒူးမြို့၌ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

( ၆ – ၉ – ၂၀၂၅ )






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ချန်ဒူးမြို့သို့ ရောက်ရှိနေစဉ်အတွင်း ချန်ဒူးမြို့ရှိ Shanghai La ဟိုတယ်၌ စက်တင်ဘာလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံသတင်းမီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့လက်ခံဖြေကြားခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မီဒီယာများဖြစ်ကြသည့် Chengdu Daily၊ Chengdu Business Daily၊ West Chian Metropolis Daily၊ Chengdu Television (CDTV)၊ Sichuan Television(SCTV)၊ China Central Television(CCTV)၊ People's Daily Online နှင့် China xinhua news တို့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အတွင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation–SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့မှု အခြေအနေ၊ တီယန်ကျင်းမြို့နှင့် ချန်ဒူးမြို့တို့၌ မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးပွဲများ ဆောင်ရွက်၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများအား မေးမြန်းမှုများဆောင်ရွက်ခဲ့သည်။

ထိုသို့ မီဒီယာများနှင့် တွေ့ဆုံစဉ် ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အလုပ်သဘောခရီးစဉ်အတွင်း SCO ထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့မှု၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါသည်–

အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Xi Jinping ရဲ့ ဖိတ်ကြားချက်အရ ပြီးခဲ့တဲ့ ဩဂုတ်လ ၃၀ ရက်နေ့ကနေ ဒီနေ့ စက်တင်ဘာလ ၆ ရက်နေ့အထိ ရှစ်ရက်ကြာ တရုတ်နိုင်ငံကို ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပထမဆုံး ဩဂုတ်လ ၃၁ ရက်နေ့မှာတော့ တီယန်ကျင်းမြို့မှာ ပြုလုပ်ခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာတော့ ကျွန်တော် မူလအဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအနေနဲ့ ရှိတဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်မှာ ရောက်ရှိပြီးဖြစ်တဲ့အတွက်ကြောင့် ဒီအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ဖိတ်ကြားချက်အရ လာရောက်တက်ရောက်ခဲ့ပြီး ကျွန်တော်လည်း မိန့်ခွန်းပြောကြားခဲ့ပါတယ်။

အဲဒီမှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးက ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းတွေ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက် ငါးခု (Global Governance Initiative ငါးချက်) ကို အဆိုပြုဆွေးနွေးခဲ့ပါတယ်။ လက်ရှိ ကမ္ဘာ့အခြေအနေနဲ့ ကိုက်ညီပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံတွေမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေရှိတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရှိတယ်။ ဆင်းရဲတဲ့နိုင်ငံတွေရှိတယ်။ ဒီနိုင်ငံတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခြေအနေချင်း မတူပေမယ့်လည်း တချို့ တူညီတဲ့ အခြေအနေတွေ ရှိပေမယ့်လည်း အင်အားကြီးတဲ့နိုင်ငံတွေက အင်အားတူညီတဲ့ နိုင်ငံတွေရော၊ အင်အားနည်းတဲ့ နိုင်ငံတွေရောကို နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး အမျိုးစုံနဲ့ ဖိအားပေးနေတာကို ကြုံတွေ့နေရပါတယ်။ ဒီဟာကို သမ္မတကြီး H.E. Mr. Xi Jinping က ထောက်ပြပြီးတော့ ဒါကိုပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အကြောင်းကို ပြောခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ဒီ အဆိုပြုချက် ငါးချက်ကို အပြည့်အဝထောက်ခံကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ကမ္ဘာ့ခေါင်းဆောင်များကလည်း ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ ဒီရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ အစည်းအဝေးကတော့ လုံးဝအောင်မြင်တဲ့ အစည်းအဝေးတစ်ခု ဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ စက်တင်ဘာလ ၃ ရက်နေ့က ပြုလုပ်ခဲ့တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀)ပြည့် အခမ်းအနားကိုလည်း ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ စစ်ရေးပြအခမ်းအနားကြီးဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ တရုတ်တပ်မတော်ရဲ့ စနစ်တကျလေ့ကျင့်ထားမှုကိုလည်း အကောင်းဆုံးဖြစ်တာကိုကျွန်တော်တွေ့ပါတယ်။ နောက် တရုတ်ပြည်သူများရဲ့ စည်းကမ်းအပြည့်အဝရှိမှုကိုလည်း ကျွန်တော်တွေ့ရှိပါတယ်။ နောက် တတိယအနေနဲ့ကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းပကား မြင့်မားတယ်ဆိုတာကို ဒီမှာတွေ့ရပါတယ်။

နောက်တစ်ခါ ကမ္ဘာကြီးကို တရုတ်နိုင်ငံအနေနဲ့ အကာအကွယ်ပေးနိုင်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ ဒီမှာတွေ့ပါတယ်။ တချို့ပစ္စည်းတွေဆိုရင် ကျွန်တော်တို့ လုံးဝကို မထင်တဲ့ ကာကွယ်ရေးပစ္စည်းတွေ တွေ့ပါတယ်။ ဒီကာကွယ်ရေးပစ္စည်းတွေက ကမ္ဘာကို ခြိမ်းခြောက်နေတဲ့ အင်အားကြီးနိုင်ငံတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးနိုင်မယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဖက်ဆစ်တွေရဲ့ နှိပ်စက်မှုဒဏ်ကိုခံခဲ့ရတဲ့ တော်လှန်မှု နှစ် (၈၀) ပြည့်တဲ့ ကာလဖြစ်တဲ့အတွက်ကြောင့် အဓိပ္ပာယ်ရှိတဲ့၊ အကျိုးရှိတဲ့ စစ်ရေးပြအခမ်းအနားကြီးတစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော်တို့ တစ်ဆက်တည်းမှာပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ဘက်မှာရှိတဲ့ ဟေလုံကျန်းပြည်နယ်နဲ့ ဒီနေ့ ကျွန်တော်ရောက်ရှိနေတဲ့ စီချွမ်ပြည်နယ်တို့ကိုလည်း နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်နိုင်ဖို့ ကျွန်တော်ချစ်ကြည်ရေးခရီးဆက်လာခဲ့တာဖြစ်ပါတယ်။ ဒီနေ့ခရီးစဉ် ဒီတင်ပြီးပြီဖြစ်ပါတယ်။

နောက်ထပ် ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွေ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ ကျွန်တော်လေ့လာတဲ့အခါမှာ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းတွေ များစွာရှိတာကို ကျွန်တော်တွေ့ပါတယ်။ နောက်တစ်ခါ စီးပွားရေးနဲ့ပတ်သက်ပြီး ရောင်းဝယ်ဖောက်ကားမှု၊ ကုန်သွယ်မှုနဲ့ပတ်သက်ပြီးတော့လည်း များစွာဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ များစွာရှိတယ်ဆိုတာလည်း

နှစ်ဖက်လုံးမှာ ကျွန်တော်တွေ့ပါတယ်။ တီယန်ကျင်းမှာ ရော၊ စီချွမ်မြို့မှာရော၊ ဟာပင်းမှာရော၊ ချန်ဒူးမြို့မှာရော နှစ်နိုင်ငံမှာရှိတဲ့ ကုန်သည်ကြီးများနဲ့ ကျွန်တော်တွေ့ဆုံ ပြီးတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခွင့်အလမ်းနဲ့ ပတ်သက်ပြီးတော့ ပွင့်ပွင့်လင်းလင်း ကျွန်တော်ပြောခဲ့ ပါတယ်။ ကျွန်တော်နဲ့ အဖွဲ့ဝင်အဖြစ်ပါလာတဲ့ ဝန်ကြီး တွေကလည်း အကုန်ပြည့်ပြည့်စုံစုံ ရှင်းပြနိုင်ခဲ့ပါတယ်။ တရုတ်ကုန်သည်များကလည်း စိတ်ဝင်တစားနဲ့ ပါဝင် ဆွေးနွေးပြောကြားခဲ့မှုများ၊လာရောက်တွေ့ဆုံတက်ရောက် ခဲ့မှုများရှိလို့ရှိရင် ကျွန်တော်တို့ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု များစွာမျှော်လင့်ချက်ရှိနေကြတယ် ဆိုတာ ကျွန်တော်တို့ တွေ့ပါတယ်။

ကျွန်တော် တရုတ်နိုင်ငံကိုလာတာ ၁၂ ကြိမ်မြောက် ခရီးစဉ်ဖြစ်ပါတယ်။ ဒီ ၁၂ ကြိမ်မြောက် ခရီးစဉ်မှာ ဒီ ခရီးစဉ်က အောင်မြင်ဆုံး ခရီးစဉ်တစ်ခုလို့ ကျွန်တော် ပြောလိုပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံ ရဲ့ ယုံကြည် စိတ်ချရတဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံ ဖြစ်ပါတယ်။ တရုတ် နိုင်ငံက လည်း ကျွန်တော်တို့နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေ အဖြစ် အမြဲတမ်းမျှော်လင့်ထားပါတယ်။ အခု ကျွန်တော် တို့လာတဲ့ ခရီးစဉ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် ရေး နယ်ပယ်ကို ခိုင်ခိုင်မာမာနဲ့ ယုံယုံကြည်ကြည် လုပ်နိုင် ဖို့အတွက် အခွင့်အလမ်းတွေရခဲ့တယ်လို့ ကျွန်တော်ပြော ချင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ရဲရဲတင်းတင်း ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော် မျှော်လင့်ပါတယ်။ အောင်မြင်မှု ခရီးစဉ်တစ်ခု ဖြစ်အောင် ခင်ဗျားတို့တက်ရောက်လာကြသူများကလည်း အိမ်ဖြည့်ပေးတာဖြစ်ပါတယ်။ ကောင်းပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထို့နောက် မီဒီယာများ၏ မေးမြန်းမှုများကို အောက်ပါ အတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်-

**မေး။** လေးစားအပ်ပါသော ယာယီသမ္မတကြီးရှင့်။ ကျွန်မကတော့ People Daily Online Media သတင်းထောက် ဖြစ်ပါတယ်။ ကျွန်မ မေးချင်တာကတော့ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးဟာ ဒီနှစ်မှာ (၇၅) နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ယာယီသမ္မတကြီး အနေနဲ့ နှစ် နိုင်ငံအနာဂတ်မှာ မည်သည့်အခန်းကဏ္ဍများမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုများမှာ ဆက်လက် ပူးပေါင်းပေးသွား မယ်၊ တရုတ်-မြန်မာရဲ့ အေးအတူပူအမျှ အသိုက်အဝန်း မှာ ဘယ်လိုဆက်လက်တွန်းအားပေးသွားမယ်ဆိုတာ သိရှိလိုပါတယ်ရှင့်။

**ဖြေ။** ကျွန်တော်အစက ပြောခဲ့ပြီးသား။ မြန်မာနိုင်ငံ နဲ့ တရုတ်နိုင်ငံဟာ ဆွေမျိုးပေါက်ဖော် နိုင်ငံတွေဖြစ်တယ်။ အိမ်နီးနားချင်းမှာလည်း မိုင်ပေါင်း ၁၃၀၀ လောက်ရှည်တဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ နိုင်ငံတွေဖြစ်တယ်။ နှစ်နိုင်ငံ သမိုင်းကြောင်းကလည်း နှစ်ပေါင်းများစွာကတည်းက ကူးလူးဆက်ဆံမှုတွေရှိခဲ့တယ်။ နှစ်နိုင်ငံဆက်ဆံရေးက လည်း ယုံကြည်စိတ်ချမှုအပြည့်နဲ့ လုပ်ဆောင်ခဲ့တာဖြစ် ပါတယ်။ ဒါကြောင့် ကဏ္ဍစုံကနေပြီးတော့မှ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်သွားမယ်။ နောက်တစ်ခါ တရုတ်နိုင်ငံကနေပြီးတော့ အားသာချက်ရှိနေတဲ့ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် (Green Policy) ပေါ့နော်။ ဒီဟာက လည်း အမြဲတမ်းစိမ်းလန်းစိုပြည်တဲ့ မူဝါဒကို ကျွန်တော် တို့ရဲ့ မူဝါဒနဲ့ တူညီတာကြောင့် ဒါလည်း တရုတ်နိုင်ငံရဲ့ အတွေ့အကြုံကို ရယူပြီးတော့မှ တရုတ်ရဲ့ ပူးပေါင်း ဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံကလည်း ဒီနေ့အကျိုးကျေးဇူး တွေ ခံစားနိုင်အောင် အားပေးဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

**မေး။** ကျွန်မကတော့ ဆင်ဟွာသတင်းဌာနမှ ဖြစ်ပါ တယ်။ ကျွန်မမေးချင်တာက နှစ်ချက်ရှိပါတယ်။ နံပါတ် တစ်က မြန်မာနိုင်ငံဟာ ရှန်ဟိုင်း SCO မိတ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ အဆွေတော်ဟာဆိုရင် ကျွန်မတို့သမ္မတကြီး ရဲ့ဖိတ်ခေါ်မှုနဲ့အတူ တီယန်ကျင်းမြို့မှာဆောင်ရွက်ခဲ့တဲ့ SCO Plus အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးမှာလည်း ကျွန်မတို့ရဲ့သမ္မတကြီးက Global Governance Initiative (GGI)ကိုပြောခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ အဆွေတော်ဟာ သမ္မတကြီး ရှီကျင့်ဖျင် အဆိုပြုခဲ့တဲ့ အစီအမံနဲ့ပတ်သက်ပြီး ဘယ်လိုသဘော ထားရှိပါသလဲ။ ပြီးတော့ အဲဒီအစီအမံဟာ လက်ရှိကမ္ဘာကြီး မှာ ဘယ်လိုဟာမျိုးတွေ သက်ရောက်မှုရှိပါသလဲ။ ဒါဟာ နံပါတ်တစ်မေးခွန်းပါ။ နံပါတ်နှစ်မေးခွန်းဟာဆိုရင် ယခု နှစ်ဟာ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် ဖြစ်ခဲ့ပါပြီ။ သမ္မတကြီး ရှီကျင့်ဖျင်က တီယန်ကျင်းမှာ သမ္မတကြီးနဲ့ တွေ့ဆုံစဉ်မှာတော့ တရုတ်-မြန်မာ

ဆက်ဆံရေးဟာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်ပြီး ပြည်သူများမှပေါက်ဖွားလာတဲ့ သမိုင်းကြောင်းရှည်လျားတဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ နှစ်ဖက်လုံးဟာဆိုရင်တော့ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်အပေါ်မှာ မူတည်ပြီး နက်ရှိုင်းစွာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုကိုလည်း တွန်းအားပေးလျက်ရှိပြီး နှစ်နိုင်ငံပြည်သူများကိုလည်း သာယာဝပြောပြီး သုခများကိုလည်း သယ်ဆောင်လာတဲ့အတွက် ကျွန်မ မေးခွန်းကတော့ လက်ရှိအဆွေတော်အနေနဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး ဘယ်လို Comment ပေးလိုပါသလဲ။

**ဖြေ။** Global SCO Plus အစည်းအဝေးနဲ့ပတ်သက်ပြီး သမ္မတကြီး ရှီကျင့်ဖျင်က Global Governance Initiative (၅)ချက် တင်ပြတာရှိတယ်။ ကျွန်တော် အဖွင့်မှာလည်း စပြီးပြောခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အင်အားကြီး နိုင်ငံတွေပေါ့။ သူတို့ကနေပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ စစ်ရေး မျိုးစုံနဲ့ အနိုင်ကျင့်နေတာ တွေ့ရပါတယ်။ ခင်ဗျားတို့ တရုတ်နိုင်ငံကိုပဲ အမေရိကန်က အခွန်နဲ့ လှမ်းပြီးတော့ ဒုက္ခပေးနေတာ ဖိအားပေးနေတာလည်းရှိတယ်။ ကျွန်တော်တို့လည်း ဒီလိုဖိအားပေးခံနေရတာရှိတယ်။ ဒါက ဘဏ္ဍာရေးတင် မဟုတ်ဘူး။ နိုင်ငံရေးအရလည်း ဖိအားပေးတာတွေခံရတယ်။ စီးပွားရေးအရလည်း ဖိအားပေးတာတွေ ခံရတယ်။ ဒီလိုတွေ ကြုံတွေ့နေရတာဖြစ်ပါတယ်။ ဒီအချိန်မှာ ဒီ (၅)ချက်က ကမ္ဘာ့ရဲ့ဖြစ်ပေါ်နေတဲ့ အားနည်းချက်တွေကို ဖော်ထုတ်ပြီးတော့မှ ဒါကို ကျွန်တော်တို့ ပြုပြင်ဖို့လိုတဲ့အကြောင်းကို ဖော်ပြသွားတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့၊ နိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ဖို့ သင့်တယ်လို့ ကျွန်တော်ကတော့ ပြောချင်ပါတယ်။ အဲဒီတော့ သမ္မတကြီးရှီကျင့်ဖျင်လည်း မည်သည့်ဖိအားမဆို၊ ခြိမ်းခြောက်မှုမဆို တရုတ်နိုင်ငံအနေနဲ့ ရင်ဆိုင်ဖို့ အဆင်သင့်ရှိကြောင်း ပြောခဲ့တာ ဒီအဓိပ္ပာယ်ကို ကျွန်တော်တို့ နားလည်ထားပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ ဒါတွေအားလုံးကို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဆက်ဆံရေး (၇၅)နှစ်ပြည့်ပြီးတဲ့ ကာလအပေါ်မှာ သဘောထား ပြောတာရှိပါတယ်။ တကယ်လို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေး သံတမန်အရ (၇၅)နှစ်ပြည့်ပေမယ့် ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့တဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေလည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ မြန်မာနိုင်ငံအပေါ် သက်ရောက်မှု အကျိုးဖြစ်မှုရှိသလိုပဲ၊ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုဟာလည်း တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်းအထောက်အကူရမှာဖြစ်ပါတယ်။ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိတယ်ဆိုတာ မြန်မာနဲ့ တရုတ်နှစ်နိုင်ငံပဲရှိပါတယ်။ မဟာဗျူဟာမိတ်ဖက်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းအတူ ခံစားရမယ်ဆိုတဲ့ နိုင်ငံများအဖြစ် နှစ်နိုင်ငံသဘောတူညီချက်နဲ့ လုပ်နေတာရှိပါတယ်။ ဒါကြောင့် ဒီကဏ္ဍတွေကို အခုလက်ရှိ ကျွန်တော်တာဝန်ယူထားတဲ့ အချိန်မှာလည်း ကျွန်တော်တို့နိုင်ငံကနေ ဒါကို အလေးထား ကုစားသွားမှာဖြစ်သလို တရုတ်နိုင်ငံကလည်း အခုလက်ရှိ ပူးပေါင်းဆောင်ရွက်ပေးနေတယ်ဆိုတာလည်း ကျွန်တော်တို့အားလုံး မျက်မြင်ဖြစ်ပါတယ်။ တရုတ်-မြန်မာဆက်ဆံရေးဟာ အခုအခြေအနေမှာ အကောင်းဆုံးအခြေအနေ၊ အမြင့်ဆုံးအခြေအနေကို ရောက်နေတယ်လို့ ဆိုရပေမယ့်လည်း ဒီထက်ပိုပြီးကောင်းတဲ့၊ ဒီထက်ပိုပြီးမြင့်မားတဲ့၊ ဒီထက်ပိုပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းတဲ့ အခြေအနေမျိုးကို ဆက်ပြီးအကောင်အထည်ဖော်သွားမှာလည်း ဖြစ်ပါတယ်။ ကောင်းတယ်ဆိုတာကတော့ အမြဲတမ်း မဟုတ်ပါဘူး။ ကောင်းတယ်၊ ဒီထက်ပိုကောင်းတယ်၊ ဒီထက်ပိုပြီးကောင်းတယ်ဆိုတာ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက နမူနာပြနေတယ်။ ဒီလိုပဲ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရာမှာလည်း ကောင်းသည်ထက်ကောင်းအောင်၊ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်သွားဖို့ နှစ်ဖက်လုံးက ကြိုးစားရမှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်လာတဲ့ ခရီးစဉ်က မနေ့က အခြေအနေထက် ပိုကောင်းအောင် ကျွန်တော်ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောချင်ပါတယ်။ ကောင်းပါပြီ။

**မေး။** လေးစားအပ်ပါသော ယာယီသမ္မတကြီးရှင်။ ကျွန်မကတော့ စီချွမ် Daily မီဒီယာမှဖြစ်ပါတယ်။ ကျွန်မ မေးခွန်းလေး နှစ်ခုမေးပါရစေ။ နံပါတ်တစ်မေးခွန်းကတော့

လက်ရှိစီချွမ်ကို လာရောက်တဲ့ခရီးစဉ်မှာ ဘယ်လိုခံစားရပါသလဲ။ ဘယ်လိုကျေးဇူးရပါသလဲ။ နံပါတ်နှစ်က စီချွမ် နဲ့ မြန်မာကြားမှာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေမှာ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ မျှော်လင့်ချက်ရှိပါသလဲ။

**ဖြေ။** စီချွမ်ပြည်နယ်ကိုလာရတာ အဓိကကတော့ ကျွန်တော်ကတော့ ချန်ဒူးပေါ့လေ။ ချန်ဒူးကို ဒီအခေါက် အပါအဝင် ငါးကြိမ် ကျွန်တော်ရောက်ပါတယ်။ ၂၀၀၇ ခုနှစ်က ရောက်ခဲ့တာ လွန်ခဲ့တဲ့ ၁၈ နှစ်က ကျွန်တော် ရောက်ခဲ့တာ။ ကျွန်တော်ရောက်ခဲ့တဲ့အကြိမ်တွေအတွင်းမှာတော့ ချန်ဒူးက၊ ချန်ဒူးဆိုတာကလည်း စီချွမ်ကို ကိုယ်စားပြုထားတာပေါ့။ အများကြီး ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့ အားလည်း ကျပါတယ်။ ဒါလေးလည်း ပူးပေါင်းဆောင်ရွက်ဖို့ အဆွေတော်တို့ရဲ့ ပါတီအတွင်းရေးမှူးနဲ့ ဆွေးနွေးခဲ့တာ ရှိတယ်။ ဒါတွေ ပူးပေါင်းဆောင်ရွက်ဖို့အတွက် နှစ်ဖက်လုံး သဘောတူကြပါတယ်။ နှစ်နိုင်ငံ နှစ်ဖက်ပေါ့။ စီချွမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့်ရှိတယ်။ စီချွမ်ပြည်နယ်ဟာ စက်မှုနည်းပညာမှာလည်း ဖွံ့ဖြိုးတိုးတက်ပါတယ်။ နောက်ပညာရေးကဏ္ဍမှာလည်း မြင့်မားပါတယ်။ စိုက်ပျိုးရေးကဏ္ဍလည်း မြင့်မားပါတယ်။ သို့သော် စီချွမ်ပြည်နယ်မှာမရှိတဲ့ စိုက်ပျိုးရေးထုတ်ကုန်၊ မြေပေါ်မြေအောက်ထုတ်ကုန်ပစ္စည်းတွေ၊ ရေထွက်ပစ္စည်းတွေ မြန်မာနိုင်ငံက အများကြီးရှိပါတယ်။ ဒါကြောင့် ဒီဟာကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် တရုတ်နိုင်ငံ ကိုယ်စားပြုဆောင်ရွက်တာနဲ့ အတူတူပဲလို့ ကျွန်တော် ပြောချင်ပါတယ်။ လေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး အမြန်ဆုံးအကောင်အထည်ဖော်ဖို့အတွက် စီစဉ်နေပါတယ်။ ကုန်သွယ်မှုတွေ မြင့်မားလာရင် လေကြောင်းသွားလာမှုတွေလည်း များလာမှာဖြစ်တယ်။ ဘာပဲပြောပြော စီချွမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဟာ အရင်ကာလနဲ့စာရင် အများကြီး ဒီထက်အဆပေါင်းများစွာ တိုးတက်မယ်လို့ကျွန်တော်မျှော်မှန်းထားပါတယ်။ ဒါကြောင့်မို့ စီချွမ်ပြည်နယ်က မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံကို လာရောက်ပြီးတော့ လေ့လာဖို့ ဖိတ်ကြားပါတယ်။ လာကြည့်ပါ။ လာကြည့်မှ မြန်မာနိုင်ငံနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ပိုပြီးတော့ ခံစားရမှာဖြစ်ပါတယ်။ ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။

■ ■ ■

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသည့် အမှာစကား

(၁၁ - ၉ - ၂၀၂၅)





သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုး**

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည် အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုးရာသီကာလသို့ ရောက်ရှိလာပြီဆိုပါက မြေဆီမြေနှစ်များ နိုးကြားပြီး ထိုအချိန်တွင် တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ သစ်ပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးခဲ့ကြောင်း၊ ယခုပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် ယခု

နှစ်အတွက် တတိယအကြိမ် စိုက်ပျိုးသည့်ပွဲဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အဓိကရည်ရွယ်ချက်မှာ သစ်ပင် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာ သွားသည့် သစ်ပင်သစ်တောများ ပြန်လည်အစားထိုး ဖြည့်သွင်းစိုက်ပျိုးခြင်းလည်းဖြစ်ကြောင်း။

သစ်တောသစ်ပင်မျိုးနွယ်စိတ်များသည် လူနှင့် သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံး နေရသည့် အစာကွင်းဆက်တွင် အဓိကအကျဆုံး မူလ အရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ပြင်သက်ရှိသတ္တဝါ များအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် အပြန် အလှန်သက်ရောက်မှီခိုနေရသည့် သဘာဝဂေဟစနစ် ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် အဓိကမောင်း နှင်အား အရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်တောသစ်ပင်များ အမြန် ဆုံးကုစားစိုက်ပျိုးခြင်းသည် လူသားတိုင်းကိုယ်စီပြုမူ သင့်သည့် အလေ့အထကောင်းတစ်ခုဖြစ်ကြောင်း။

သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုး ကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များ နည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင် ပူပြင်းခြင်း၊ မုန်တိုင်းများ ဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားများ ခံစားနေရကြောင်း၊ လူသားများ ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများပြောင်းလဲ လာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်း နှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေး အန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းအလေ့အထသည် မြန်မာလူမှု ပတ်ဝန်းကျင်တွင် **“တစ်သက်ပျော်ချင် သစ်ပင်စိုက်”** ဆို သည့် အဆိုအမိန့်စကားတစ်ရပ်ရှိကြောင်း၊ အဓိက အားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်ကောင်း ကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် **“ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ၊ **“နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစို့”** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံတော်သာယာရန်အတွက် လူတိုင်း လိုလားကြကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပပြီး သစ်ပင်များကို စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့မှုများ ကြောင့် ယခုအခါ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လျက်ရှိခြင်းဖြစ်ကြောင်း၊ ယခင်က တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား အရာရှိကြီးများအနေဖြင့်လည်း နေပြည်တော်သို့ ရောက် ရှိချိန်တွင် ၎င်းတို့ ယခင်က စိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကို ကြည့်ရှု၍ စိတ်ကြည်နူးချမ်းမြေ့ရသည်ကို မိမိကို ပြော ကြားကြကြောင်း၊ ယခုစိုက်ပျိုးသည့် သစ်ပင်များသည် လည်း နောင်အခါတွင် ရှင်သန်ဖြစ်ထွန်းပြီး သဘာဝ ပတ်ဝန်းကျင်ကို ယခုထက် ပိုမိုစိမ်းလန်းစိုပြည်စေကာ မိမိတို့အတွက် အမှတ်တရဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးရန် မိမိအနေဖြင့် အမြဲ တိုက်တွန်းပြောကြားလျက်ရှိကြောင်း။

ယခုအခါ စိမ်းလန်းစိုပြည်သာယာမှုများမှာ အထိုက်သင့် ရှိလာပြီဖြစ်ကြောင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက် သွားမည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်**ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အား များ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်း မျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လို ကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးခဲ့သည့်သစ်ပင်များ အား တစ်ပင်စိုက်တစ်ပင်ရှင် ဖြစ်စေရန်အတွက် စနစ်တကျ စိုက်ပျိုးရန်နှင့် ရှင်သန်ဖြစ်ထွန်းရန်အတွက် ဆက်လက် ဆောင်ရွက်ရမည့်သူများကလည်း အထူးအလေးအနက် ထား၍ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြ ရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၁၂ - ၉ - ၂၀၂၅ )



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုစက်တင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာလဆန်းပိုင်းအထိ တရုတ်နိုင်ငံသို့ သွားရောက်၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း၊ ထို့အပြင် ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့များသို့လည်း သွားရောက်လေ့လာခဲ့ကြောင်း။

**SCO အစည်းအဝေးနှင့် GGI အချက် (၅)ချက်**

မိမိတို့ နိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံ တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)သို့တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် အရေးပါသည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကဦးဆောင်၍ ဒေသတွင်း လုံခြုံရေးအတွက် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် နိုင်ငံများစွာပါဝင်လာပြီး လုပ်ငန်းပမာဏသာမက အင်အားကြီးမားသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာသည်ကိုလည်း တွေ့ရှိရကြောင်း။

SCO အဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများပါဝင်သည်ကိုတွေ့ရကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများအားလုံး၏ GDP မှာ ၃၀ ဒသမ ၁၇၁ ထရီလီယံ ရှိသည်ကိုတွေ့ရကြောင်း၊ ထိုအထဲတွင် GDP အမြင့်ဆုံးမှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ SCO အဖွဲ့၏ စုစုပေါင်းလူဦးရေမှာလည်း ၃ ဒသမ ၉၀၅ ဘီလီယံရှိသည်ကိုတွေ့ရကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာဖက် နိုင်ငံများအားလုံးတွင် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နိုင်ငံများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဆောင်ရွက်သည့်နိုင်ငံများ၊ သယံဇာတပစ္စည်းများ ကြွယ်ဝသည့်နိုင်ငံများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝသည့် နိုင်ငံများ စသည့်နိုင်ငံများ အသီးသီးပါဝင်သကဲ့သို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ကိုးကွယ်သည့် နိုင်ငံများပါဝင်ပြီး ဘာသာပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကဏ္ဍပေါင်းစုံပါဝင်သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မိမိတို့နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ အချို့နိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့မလိုလားသော နိုင်ငံများ၊ အစိုးရများ အပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ဘဏ္ဍာရေးအရ၊ အုပ်ချုပ်ရေးအရ ဖိနှိပ်မှုများနှင့် ခွဲခြားဆက်ဆံမှုများရှိကြောင်း၊ ၎င်းကိစ္စများအား နိုင်ငံတကာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးတိုးမြှင့်သွားရန်လိုကြောင်း။

**ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြ အခမ်းအနား**

မိမိနှင့်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးက အလေးအနက်ထားစောင့်ကြည့်ခဲ့ရသော အခမ်းအနားဖြစ်ပြီး အဓိကအချက် (၃)ချက်ကို မှတ်မှတ်ထင်ထင်တွေ့မြင်ခဲ့ရကြောင်း၊ ပထမအချက်မှာ တရုတ်တပ်မတော်၏ လေ့ကျင့်သားပြည့်ဝမှုကို မြင်တွေ့ခဲ့ရကြောင်း၊ ဒုတိယအချက်မှာ စစ်ရေးပြအခမ်းအနားတွင် ပြသခဲ့သည့် စစ်လက်နက်ပစ္စည်းများသည် ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သော ကမ္ဘာကြီး၏ အင်အားချိန်ခွင်လျှာကို ထိန်းညှိပေးနိုင်သည့် စွမ်းပကားရှိသည်ကို လေ့လာသိရှိရသည့်အတွက် တရုတ်နိုင်ငံ၏ကာကွယ်ရေးစွမ်းပကားမှာ များစွာတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ တတိယအချက်အနေဖြင့် တရုတ်နိုင်ငံသားများ၏ စည်းကမ်းရှိမှု၊ စနစ်ကျနမှုတို့ပင်ဖြစ်ကြောင်း၊ သမ္မတကြီး ရှီကျင့်ဖျင်၏ မိန့်ခွန်းတွင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအပေါ် ကျရောက်နိုင်သည့် ခြိမ်းခြောက်မှုများအားလုံးကို တရုတ်နိုင်ငံအနေဖြင့် ကာကွယ်ရင်ဆိုင်နိုင်သည်ဟု ထည့်သွင်းပြောကြားသွားကြောင်း၊ ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သည့် စွမ်းပကားရှိသည်ကို မြင်တွေ့ခဲ့ရကြောင်း။

အစည်းအဝေးနှင့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ချိန်အတွင်း တရုတ်နိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံသမ္မတ၊ လာအိုနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရေး ၎င်းတို့အနေဖြင့် လိုလားသည်ကိုတွေ့ရကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများမှ

ခေါင်းဆောင်များနှင့်လည်း နိုင်ငံအလိုက် ကုန်သွယ်မှု လုပ်ငန်းများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်ရေး လမ်းကြောင်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီပြန်လည် ဖွင့်လှစ်နိုင်ရန်အတွက်လည်း ဆွေးနွေးနိုင်ခဲ့ကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်း အဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း အဆိုပြုချက် (၅)ခု ၊ Global Governance Initiative (၅)ချက်ကို တင်သွင်းခဲ့ကြောင်း၊ ပထမအချက်မှာ နိုင်ငံ တိုင်းသည် တန်းတူအခွင့်အရေးရှိကြောင်းကို အခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်သင့် သည်၊ ဒုတိယအချက်မှာ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ် များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှစိုးမိုးရမည်ဟူသော အချက်ပေါ်တွင် အခြေခံ သည်၊ တတိယအချက်မှာ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှု စနစ်သည် နိုင်ငံအများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံထားသင့်သည်၊ စတုတ္ထ အချက်မှာ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်တွင် ပြည်သူ ကိုဗဟိုပြုချဉ်းကပ်သော နည်းလမ်းများအပေါ်တွင် အခြေခံထားသင့်သည်၊ ပဉ္စမအချက်အနေဖြင့် ကမ္ဘာလုံး ဆိုင်ရာအုပ်ချုပ်မှုစနစ်သည် စစ်မှန်သောရလဒ်များပေါ် တွင်သာ အခြေခံထားသင့်သည်ဟုပါရှိကြောင်း၊ ထို့ကြောင့် အဆိုပါ ဆွေးနွေးချက် (၅)ချက်သည် မိမိတို့နှင့် သဘောထားချင်း နီးစပ်ကိုက်ညီသည့်အတွက် မိမိ အနေဖြင့် ထောက်ခံဆွေးနွေးခဲ့ကြောင်း၊ ၎င်းအချက် (၅)ချက်သည် ကမ္ဘာ၌လက်ရှိဖြစ်ပျက်နေသည့် ဖြစ်စဉ် များနှင့်လည်း ကိုက်ညီမှုရှိကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီး အစည်းအဝေးသို့တက်ရောက်လာကြသည့် နိုင်ငံအလိုက်မှ ခေါင်းဆောင်များ နှင့်တွေ့ဆုံစဉ် မိမိတို့နိုင်ငံ၏ ဖြစ်ပေါ် ပြောင်းလဲမှုများ၊ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ၎င်းတို့ အနေဖြင့် မိမိတို့နိုင်ငံနှင့်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက် လိုသကဲ့သို့ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင် ဆောင်ရွက်နေမှုအပေါ်တွင် ထောက်ခံပါကြောင်းနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ် သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားနိုင်ခဲ့ ကြောင်း၊ ထိုသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းအတွက် မိမိတို့နိုင်ငံ၏ နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေး အတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ကြောင်း။

မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား တီယန်ကျင်းမြို့မှ ပေကျင်းမြို့သို့ အထူးအမြန် ရထားဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသို့စီးနင်းလိုက်ပါ ရသည့်အချိန်တွင်လည်း တရုတ်နိုင်ငံ၏ ရထားပို့ဆောင် မှုများမှာ အဆင့်မြင့်သည့် ပို့ဆောင်မှုစနစ်ဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့နိုင်ငံတွင် ရထားပို့ဆောင်မှုစနစ် အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် လေ့လာဆောင်ရွက် သွားရန်လိုကြောင်း၊ အများပြည်သူများနှင့် သက်ဆိုင် သည့် ပို့ဆောင်ရေးစနစ်(Public Transportation) ရထား ပို့ဆောင်ရေးစနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွား ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန် မှသာ ကောင်းမွန်သည့် ပို့ဆောင်ဆက်သွယ်ရေးစနစ်များ ဖြစ်လာမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုများကို လက်တွေ့ တွေ့မြင်ခဲ့ရကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် တွေ့ဆုံ ဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် အကူအညီများတောင်းခံခဲ့ပြီး မိမိတို့နိုင်ငံအတွက် အထောက်အပံ့များ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာနာရန်ဒရာမိုဒီနှင့် တွေ့ဆုံဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံ၏ ငလျင်ဘေး အလွန် ပြန်လည်ထူထောင်ရေးအတွက် အကူအညီများ ရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးအလွန် ပြန်လည် ထူထောင်ရေးအတွက်လိုအပ်သည့် လမ်း၊ တံတားများ၊ အဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်နိုင်မှသာ ပြည်သူများ၏ လူမှုဘဝများ ပုံမှန် ပြန်လည် လည်ပတ်နိုင်မည်ဖြစ်ကြောင်း။

**ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး**

မိမိအနေဖြင့် တီယန်ကျင်းမြို့နှင့် စီချွမ်ပြည်နယ်၊

ချန်ဒူးမြို့တို့၌ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယခင်ကဆောင်ရွက်လျက်ရှိသည့် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ကြန့်ကြာမှုမရှိစေရေး ပြန်လည်စိစစ်ဆောင်ရွက်ရန်လိုသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာခြင်း၊ နည်းပညာများရရှိခြင်းတို့မှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် တရုတ်ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံလိုကြသည်ကို သိရှိခဲ့ရကြောင်း၊ ကုန်သွယ်မှုတွင်လည်း ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏများစွာရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဒေါ်လာဖြင့်သာမက ယွမ်နှင့်ပါ ဆောင်ရွက်နိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာပြီး နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကို ယွမ်ဖြင့်ပြုလုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

တရုတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်တိုးတက်စေရေး နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် မြန်မာ–တရုတ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအသင်းကို ဖွဲ့စည်းဆောင်ရွက်ရန် ပြောကြားထားပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍအား အချိန်ယူလေ့လာကြည့်ရာတွင် လမ်းစဉ်ပါတီခေတ်၌ လယ်ယာထွက်ကုန် ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး နဝတခေတ်တွင် လယ်ယာထွက်ကုန် ၃၀ ရာခိုင်နှုန်းကျော်ခန့်ရှိကြောင်း၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်နှင့် တွင်းထွက်ပစ္စည်းများ ပိုမိုများပြားသည်ကိုတွေ့ရကြောင်း၊ နယကခေတ်တွင် လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့်သာရှိကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင်လည်း လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်းပတ်ဝန်းကျင်ခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အစိုးရသက်တမ်းကာလတွင် လယ်ယာထွက်ကုန်များကို ၃၉ ရာခိုင်နှုန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းများထက် သယံဇာတပစ္စည်းများနှင့် CMP ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်၍ လယ်ယာထွက်ကုန်ပစ္စည်းများကို ယခုထက်ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း။

မိမိတို့အစိုးရ၏ ၅ နှစ်တာကာလအတွင်း ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၂ ဘီလီယံကျော်ခန့်ရှိသည်ကိုတွေ့ရကြောင်း၊ သို့သော်ယခုထက်ပိုမို၍ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုပိုငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း စားသုံးဆီများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး တိုက်တွန်းပြောကြားခဲ့သော်လည်း ယခုအချိန်အထိ လုံလောက်မှုမရှိသေးကြောင်း၊ ထို့ကြောင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရပြီး နှစ်စဉ်နိုင်ငံခြားငွေများ ကုန်ကျလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်၊ နေကြာစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိ

နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းနေရသည့် ပြည်တွင်းထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်၍ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် အားလုံးက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် ဟေလုံကျန်းပြည်နယ်နှင့် စီချွမ်ပြည်နယ်များသို့ ရောက်ရှိစဉ် ၎င်းတို့ပြည်နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ AI စနစ်များကိုအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်မှုလယ်ယာစနစ်ကူးပြောင်းရန် ကြိုးပမ်းနေရချိန်တွင် အိမ်နီးချင်းနိုင်ငံ၌ ပို၍မြင့်မားသောအဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ အလားတူ လူနေမှုအဆင့်အတန်းကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှုနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်မှုများကိုလည်း လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့ထက်ကောင်းမွန် သာလွန်မှုများကို အတုယူဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သွားရောက်ခဲ့သည့် ခရီးစဉ်သည် နိုင်ငံအတွက် အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပြီး လေ့လာတွေ့ရှိခဲ့ရသည်များကို ပြန်လည်မျှဝေပေးခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်သူများဖြစ်ပြီး ၎င်းလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် အလေးအနက်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရေး မိမိတို့နိုင်ငံထက်ပိုမိုသာလွန်ကောင်းမွန်သည့် နိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်သွားရန်လိုကြောင်း။

**ဝါး၊ ဝါနှင့် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်သဘောမျိုးဆောင်ရွက်ခြင်းထက် ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် တီထွင်ကြံဆ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ Agro–Base Industries တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံအနှံ့အပြားတွင် ဝါးများထွက်ရှိကြောင်း၊ ဝါးပင်၏ သက်တမ်းသည် အများဆုံး ၁၀ နှစ်မှ ၂၀ နှစ်ခန့်ရှိပြီး အသုံးမပြုပါက အလဟဿဖြစ်ရကြောင်း၊ ထို့ကြောင့် ဒေသအလိုက်ဝါးမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သွားရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ဝါနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါများစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဝါများယခုထက်ပိုမိုထွက်ရှိအောင်စိုက်ပျိုး၍ ဝါမှချည်ထည်နှင့် အခြားထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းဝါး၊ ဝါနှင့် ရော်ဘာတို့သည် မိမိတို့နိုင်ငံအတွင်းတွင် ရှိထားပြီး၊ စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီး ပစ္စည်းများဖြစ်၍ အချိန်တိုအတွင်း ကုန်ချောနှင့်ရောင်းကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်သော လုပ်ငန်းများဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီသွားရန်အသင့်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး ရင်းနှီးမြှုပ်နှံရန်လိုအပ်သည့် ငွေကြေးများကို နိုင်ငံတော်မှ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့်ကော်ဖီသည် ကမ္ဘာပေါ်တွင်တန်းဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုး

ထုတ်လုပ်ခြင်းများတိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် ပညာတတ်လူသား အရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနည်းဆုံး၊ အလယ်တန်းအဆင့်အထိ တက်ရောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ စက်မှုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိလာမည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာကျောင်းများကိုဖွင့်လှစ်ထားသကဲ့သို့တက္ကသိုလ်၊ ကောလိပ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားရာတွင်လည်း အဆင့်မီသည့် ပညာရေးဖြစ်စေရေး မဖြစ်မနေဆောင်ရွက်ပေးရန်လိုကြောင်း။

> **နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ၊ အနည်းဆုံး၊ အလယ်တန်းအဆင့်အထိ တက်ရောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လို၊ သို့မှသာ စက်မှုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်ထားသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ အဆင့်မြင့်ပညာရပ်များ သင်ကြားရာတွင်လည်း အဆင့်မီသည့် ပညာရေးဖြစ်စေရေး မဖြစ်မနေ ဆောင်ရွက်ပေးရန်လို။**

**ပညာရည်မြင့်မားရေး**

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကျောင်းသားအများစုသည် အစိုးရကျောင်းများတွင် ပညာသင်ကြားကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အချင်းနှင့် အရေအတွက် ပြည့်မီရေး၊ ကျောင်းများအဆင့်မြင့်တင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ အပြည့်အဝ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ ဥပဓိရုပ်များ ကောင်းမွန်စေရေးအတွက်လည်း သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ထားသည့် ကျောင်းများသည် ပြည်သူများက အားထားရသည့် စာသင်ကျောင်းများဖြစ်ရန်လိုကြောင်း၊ ဆရာ၊ ဆရာမများအတွက် လိုအပ်သည့် သက်သာချောင်ချိမှုနှင့် နေထိုင်စားသောက်မှုများအဆင်ပြေစေရေး နိုင်ငံတော်မှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ် ကြောင်း။

လတ်တလောဖြစ်ပေါ်နေသည့် နီပေါနိုင်ငံအတွင်း ဆူပူမှုများနှင့်ပတ်သက်၍ လေ့လာကြည့်သည့်အခါ ဆိုရှယ်မီဒီယာများအား မှတ်ပုံတင်ရန်ဆောင်ရွက်ခြင်းမှစတင်၍ ဖြစ်ပေါ်လာသည်ဟု သိရှိရကြောင်း၊ သို့သော် အဆိုပါဆူပူမှု၏ နောက်ကွယ်တွင် အင်အားကြီး နိုင်ငံအချို့ပါဝင်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ ဆူပူမှုများဖြစ်ပေါ်ခြင်းအပေါ် မိမိတို့နိုင်ငံအတွက် သင်ခန်းစာဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း။

> **နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ထားသည့် ကျောင်းများသည် ပြည်သူများက အားထားရသည့် စာသင်ကျောင်းများဖြစ်ရန်လို၊ ဆရာ၊ ဆရာမများအတွက် လိုအပ်သည့် သက်သာချောင်ချိမှုနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေစေရေး နိုင်ငံတော်မှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လို၊ ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်။**

မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အလုပ်လက်မဲ့များ လျော့ပါးစေရေးနှင့်ပတ်သက်၍လည်း အထူးအလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများ များပြားလာပြီး ၎င်းတို့သွားရောက်သည့် နိုင်ငံများမှ ဥပဒေအောက်တွင်နေထိုင်ကြရကြောင်း၊ အချို့ဖိနှိပ်ခံရမှုများရှိသည်ဟု သိရကြောင်း၊ မိမိတို့နိုင်ငံသားများအားလုံး နိုင်ငံတော်၏ အရိပ်အာဝသအောက်တွင် ပျော်ရွှင်အေးချမ်းစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံအား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး**

ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး လွှတ်တော်သည်လည်း သိက္ခာရှိသည့် လွှတ်တော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာဖြင့် မဲဆွယ်စည်းရုံးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက အလေးပေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်မှု မရှိစေရေးအတွက် အဖျက်အမှောင့်လုပ်ဆောင်လာသူများကိုလည်း ထိရောက်စွာ အရေးယူမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ခံမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်မည့်သူများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာဝန်ကြီးချုပ်များက ဦးဆောင်ပြီး ဆောင်ရွက်ပေးသွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

**အထွေထွေဆွေးနွေးတင်ပြ**

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုယ်စားလှယ်လောင်းများလုံခြုံရေးနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားလျက်ရှိမှု၊ ရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်မှုများအား နှောင့်ယှက်သူများကို ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီများ၏ ပါတီဝင်များအား စာရင်းကိုက်ညီမှုရှိစေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်ပေါ်ခဲ့သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ စာရိတ္တမဏ္ဍိုင်များ ထိန်းသိမ်းနိုင်ရေး ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှု၊ သာသနာ

ရေးဆိုင်ရာများတွင် ဝိနည်းနှင့်လျော်ညီမှုမရှိစွာနေထိုင်သည့် သံဃာများနှင့် သီလရှင်များအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသမှ တရားမဝင်ကုန်သွယ်မှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ဆက်လက်၍ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၏ အချက်အလက်များ၊ ဝန်ထမ်းများ၏အချက်အလက်များသည် ဆိုရှယ်မီဒီယာများအသုံးပြုမှုမှတစ်ဆင့် လုံခြုံရေးကျိုးပေါက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် တိုက်ရိုက်ကျိုးပေါက်ခြင်း၊ သွယ်ဝိုက်၍ ကျိုးပေါက်ခြင်းများဖြင့် တစ်ဦးတစ်ယောက်ချင်း ထိခိုက်ခြင်း၊ ဌာနအလိုက် ထိခိုက်ခြင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့် ထိခိုက်ခြင်းများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးပိုင်းဆိုင်ရာအရ အသိပညာပေးရန်နှင့် ထိထိရောက်ရောက် ကြပ်မတ်ခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ထိရောက်စွာ တားဆီးနှိမ်နင်းသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်၍လည်း နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တိုက်တွန်းပြောဆိုလျက်ရှိကြောင်း၊ နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်မှုမရှိဘဲ တရားမဝင်ကုန်သွယ်မှုများဖြစ်ပေါ်နေခြင်းသည် ကျားသေကိုအသက်သွင်းခြင်း၊ သူခိုးဓားရိုးကမ်းခြင်းပင်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့်ထိစပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် တရားမဝင် ကုန်သွယ်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက် ကိုင်တွယ်ကြပ်မတ်သွားရန်လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုများရှိနေသရွေ့ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး ခက်ခဲနေမည်ဖြစ်သဖြင့် ပါဝင်ပတ်သက်နေသူများ အားလုံးကို ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ်သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ဖော်ထုတ်ဖမ်းဆီးရမိမှုများ များပြားနေဆဲဖြစ်ပြီး ထုတ်လုပ်မှုရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမရှိစေရေး ဖော်ထုတ်တားဆီးနှိမ်နင်းသွားကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု မလုပ်ဆောင်နိုင်မှသာလျှင် ဖြန့်ဖြူးမှုနှင့် ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်၍ အွန်လိုင်းလိမ်လည်မှုများကိုလည်း တားဆီးနှိမ်နင်းသွားကြရန်လိုကြောင်း။

မိမိတို့အားလုံးသည် နိုင်ငံတော်ကို ကောင်းမွန်တိုးတက်အောင် ရည်ရွယ်ဆောင်ရွက်နေကြသူများဖြစ်သဖြင့် ရည်မှန်းချက်များအောင်မြင်စေရေး အားလုံးကဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံ၏စီးပွားရေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသည့် အမှာစကား

( ၁၆ – ၉ – ၂၀၂၅ )




ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အနီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးစသည့် ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သော ပန်းများပွင့်သည့် အရိပ်ရသစ်မျိုး

၁၈ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ယနေ့စိုက်သည့် နှစ်ရှည်ပင်များသည် အထူးအစီအစဉ်ဖြင့် စိုက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး၊ အကြီးဆုံးဖြစ်သည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထားသည့် ပရိဝုဏ်တော်ထဲတွင် သီးခြားစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ၁၂ လရာသီ ပန်းရနံ့များဖြင့် ဝေဆာစွာရှိနေစေရန် ပူဇော်နိုင်အောင် ရည်မှန်းပြီး သီးသန့်ရွေးချယ်စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စကားဝါ၊ ပနားမားငု၊ စွယ်တော်အပါအဝင် ၁၈ မျိုး စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ထူးခြားချက်မှာ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို ဇူလိုင်လ ၁၁ ရက်နေ့က နိုင်ငံတော်အဆင့်အနေဖြင့် ပထမဆုံးအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်ပြိုင်တည်း ကျင်းပစိုက်ပျိုးခဲ့ကြကြောင်း၊ မြို့နယ် ၂၉ မြို့နယ်တွင် သစ်ပင်ပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ဒုတိယအကြိမ်အဖြစ် ဩဂုတ်လ ၁၉ ရက်နေ့ မင်းဘူးမြို့နယ်၊ မင်းဘူး-ပဒါန်း-အမ်း ကားလမ်းဘေးတစ်လျှောက်တွင် သစ်မျိုး ခုနစ်မျိုး၊ သစ်ပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြကြောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင် စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်ကို သိရသည့်အတွက် ကျေနပ်အားရဝမ်းသာမိသည်ကို ပြောကြားလိုကြောင်း။

**သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ် (Life Supporting System) အဖြစ် သတ်မှတ်ထား**ကြောင်း၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို သေချာပေါက် အထောက်အကူပြု အကျိုးရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံနှင့်အဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၊ ကမ်းရိုးတန်း ဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်း စသည့် စီမံကိန်းများကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ ကျေးလက်ဒေသပြည်သူများအတွက် တစ်ရွာနှစ်ဧကစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်း၊ အာဆီယံလမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာ၊ ရန်ကုန်-မန္တလေး အမြန်လမ်းဘေးဝဲယာအပါအဝင် ကားလမ်းများ၏ဘေးဝဲယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မသစ်တောငယ်များ စိုက်ပျိုးတည်ထောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရထားလမ်းဘေးဝဲယာ တစ်လျှောက်နှင့် သစ်ပင်သစ်တော ကျဲပါးသည့် တောင်ကုန်းတောင်ထိပ်များ၊ မြစ်ချောင်းများ၏ရေဝေရေလဲဧရိယာများနှင့်သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

အမှန်တကယ်မှာ သစ်ပင်စိုက်ပျိုးခြင်းသည် ယခုကဲ့သို့ ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းထက် လုပ်ရိုးလုပ်စဉ် မိရိုးဖလာသဘာဝတွင်လည်း ရှိပြီးသားကိစ္စဖြစ်ကြောင်း၊ မိမိအိမ်ဝင်းခြံထဲ၊ အိမ်ပတ်ဝန်းကျင်၊ မိမိရပ်ရွာဝန်းကျင်၊ မိမိလယ်ယာပတ်ဝန်းကျင်၊ မိမိစက်ရုံအလုပ်ရုံဝန်းကျင်၊ လက်လှမ်းတမီ နေရာများတွင် တစ်ဦးချင်းကဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ပင်၊ နှစ်ပင်၊ သုံးပင်စသည်ဖြင့် တတ်နိုင်သလောက် ရှင်သန်အောင် နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးထူထောင်သွားကြမည်ဆိုပါက မိမိတို့ရည်မှန်းသည့် နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်း ရှိစေရေး၊

သစ်တောသစ်ပင် တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးသည် မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကိစ္စသည် လုပ်ရိုးလုပ်စဉ် အလုပ်လည်းဖြစ်၊ ပင်ပင်ပန်းပန်းလည်းမဟုတ်၊ ဆင်းရဲဒုက္ခမများသဖြင့် လုပ်ကြမည်၊ လုပ်နိုင်ကြမည်ဆိုပါက အလွန်အကျိုးရှိသော ကုသိုလ်ရမည့်လုပ်ဆောင်မှု ဖြစ်လိမ့်မည်ကို ပြောကြားလိုကြောင်း၊ ယနေ့ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် မြတ်စွာဘုရားကို ထာဝရပူဇော်နိုင်ရန် ရည်ရွယ်ပြီး အရောင်၊ အဆင်း၊ အနံ့နှင့်ပြည့်စုံသည့် နှစ်ရှည်ပင်များကို စိုက်ပျိုးခြင်းဖြစ်သည့်အတွက်ကြောင့် ရှင်သန်ဖြစ်ထွန်းအောင် အထူးစေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံအဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း (Landscape)များ၊ အစိမ်းရောင်ဧရိယာ (Green Space) များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ လူတိုင်းလူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့် ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့်အပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်းပြုစုသွားကြရန်၊ နိုင်ငံအဝန်း သစ်ပင်သစ်တောများ စနစ်တကျစိုက်ပျိုးထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၁၈ – ၉ – ၂၀၂၅ )






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ထားဝယ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဆီဖူလုံမှုရရှိရေးအတွက် ဆီကြိတ်ခုံနှင့် ဆီချောစက်ရုံများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာနှင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ငါးသယံဇာတနှင့် ရေထွက်ကုန်ထုတ်လုပ်ရေး စက်ရုံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြနှင့် ကျေးလက်ဒေသများ အားလုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး အတွင်းရှိ ခရီးသွားဒေသများသို့ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့်

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ ဒီရေတောပင်များ ထိန်းသိမ်းထားရှိမှုနှင့် တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရော်ဘာကုန်ကြမ်းများအား တင်ပို့ရောင်းချရာတွင် ပိုမိုလွယ်ကူမှုရှိစေရေးနှင့် အကျိုးအမြတ်ပိုမိုရရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ခရိုင်အတွင်း ငါးနှင့်ရေထွက်သယံဇာတမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကျွန်းပတ်လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးစေလိုမှု၊ ထားဝယ်ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို အသီးသီးဆွေးနွေး တင်ပြကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြား**

ဆက်လက်၍ ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ထားဝယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ထားဝယ်မြို့သည် အစဉ်အလာရှိသည့် မြို့တစ်မြို့ဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းစဉ်ကတည်းကပင် သမိုင်းကြောင်းကောင်းသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအနေဖြင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် ခိုင်ခိုင်မာမာရှိခဲ့သည့်ဒေသတစ်ခုဖြစ်ခဲ့ကြောင်း၊ မကြာသေးမီနှစ်များအတွင်း ထားဝယ်ဒေသသို့ ရောက်ရှိခဲ့ပြီး မြို့တော်ခန်းမ အဆောက်အအုံလိုအပ်ချက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် အဆောက်အအုံအသစ်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင်ရွှေဝယ်သီရိအားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထားဝယ်လေဆိပ် အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

တင်ပြချက်များတွင် ပါဝင်သည့် ရော်ဘာထုတ်ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများအနေဖြင့် အဆင့်မြှင့်တင်နိုင်ရန်လိုကြောင်း၊ ရော်ဘာကုန်ကြမ်းများအား ပြည်ပသို့ လွယ်ကူစွာ တင်ပို့နိုင်ရေးဆောင်ရွက်ပေးသွားမည် ဖြစ်သော်လည်း အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ဈေးကွက်နှင့် ဈေးနှုန်းပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများတင်ပို့ခြင်းအပြင် ရော်ဘာထုတ်ကုန်များဖြစ်သည့် တာယာ၊ ကျွတ်နှင့် လူသုံးကုန်ပစ္စည်းများကို အဆင့်မီစွာဖြင့် ဈေးကွက်ရရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရော်ဘာထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံငွေများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရာတွင်လည်း အပင်၏သက်တမ်းနှင့် ထွက်ရှိနိုင်မှုတို့အပေါ် မူတည်၍ သွင်းအားစုများဖြည့်သွင်းခြင်း အပါအဝင် စဉ်ဆက်မပြတ်သည့် ရော်ဘာထုတ်လုပ်မှုကွင်းဆက်ဖြစ်ပေါ်လာအောင် တွက်ချက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာထုတ်ကုန်ပစ္စည်းများသည် နိုင်ငံတော်အတွက် လိုအပ်ချက်အမြဲရှိနေမည်ဖြစ်သည့်အတွက် ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ငါး၊ ပုစွန်၊ ကဏန်း၊ ရေထွက်ပစ္စည်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့်ရေထွက်ပစ္စည်း အသားလိုအပ်ချက်များစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ငါးနှင့် ရေထွက်ပစ္စည်းများကို သဘာဝအလျောက် ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်၍ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ တိုးတက်လာစေရေးဆောင်ရွက်

သွားရန်လိုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆက်သွယ်မှု ပိုမိုမြန်ဆန်စေရေးအတွက် ထားဝယ်လေဆိပ်အား အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဘုတ်ပြင်း၊ ကော့သောင်းစသည့် ကျွန်းပတ်လေကြောင်း ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ထားဝယ်ဆိပ်ကမ်းနှင့်ပတ်သက်၍လည်း ထားဝယ်မြစ်အတွင်း သင်္ဘောများ ဝင်ထွက်မှုအဆင်ပြေစေရေး မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ဆိပ်ကမ်း အဆင့်မြှင့်တင်နိုင်ရေးအတွက် အကောင်းဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ရင်းနှီးမတည်ငွေများ ထုတ်ပေးထားရှိပြီး လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်ပေါ်စေကြောင်း၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ထိုက်သင့်သည့်ဈေးနှုန်းအတိုင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင် ကုန်စည်စီးဆင်းမှုများ မဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်ငွေများသည်လည်း များစွာထိခိုက်နစ်နာရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည်များ အပြန်အလှန်ဆွေးနွေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးခြင်းအပြင် ဒေသခံများအားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို

> **တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်ပေါ်စေ၊ မိမိတို့အနေဖြင့် ကုန်ဈေးနှုန်းများ ထိုက်သင့်သည့် ဈေးနှုန်းအတိုင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင် ကုန်စည်စီးဆင်းမှုများ မဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိ၊ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းအပြင် နိုင်ငံတော်မှ ရသင့် ရထိုက်သည့် အခွန်ငွေများသည်လည်း များစွာထိခိုက်နစ်နာရ၊ ထို့ကြောင့် မိမိတို့ အနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေး ဆောင်ရွက်လျက်ရှိ၊ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန် ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်။**

ကြောင်း၊ ထားဝယ်ဒေသအတွင်း တစ်ဇကေအထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်နိုင်မှု မရှိခြင်းကြောင့် ဒေသတွင်းဆန်ဖူလုံမှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုရှိအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာမည်ဖြစ်ပြီး ဒေသစီးပွားရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ အခြားသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုမရှိ၍ ပြင်ပမှဝယ်ယူစားသုံး ကုန်ကျမည့်ငွေကြေးများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနေရာများ၌ သုံးစွဲခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သွားကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီဖြစ်သည့် Robesta ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသ၏ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး ဒေသတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီ၊ ကိုကိုး၊ ဒူးရင်း၊ သီဟိုဠ်၊ အုန်းစသည့် အပင်များကို အောင်မြင်အောင်စိုက်ပျိုး၍ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝါးနှင့် ကြိမ်သယံဇာတ များစွာထွက်ရှိသဖြင့် ဝါးနှင့် ကြိမ်ကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဒေသတွင်း စားရေးဖူလုံမှုအပြင် ပြင်ပနှင့် ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံပြီး စနစ်ကျနစွာ စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုကို ဖော်ဆောင်နိုင်မည်ဆိုပါက ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

**ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး**

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေ အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုမှာ လျော့နည်းလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးအားနည်းမှုရှိပါက အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသူများ၏ဦးဆောင်မှုကို ခံရမည်ဖြစ်သဖြင့် မိမိတို့ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝအောင်မွေးထုတ်ကာဒေသအကျိုးကိုဖော်ဆောင်ကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့်ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သကဲ့သို့ ဒေသခံများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

# ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၈ - ၉ - ၂၀၂၅ )





တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အအုံ သစ်ဖွင့်ပွဲ ကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကမ်းရိုးတန်း ဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆို နှုတ်ဆက်ကြသည်။

**ထားဝယ်မြို့ မြို့တော်ခန်းမ ဖွင့်ပွဲကျင်းပ**

အစီအစဉ်အရ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ထားဝယ်မြို့ မြို့တော်ခန်းမအဆောက်အအုံသစ်အား တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ တနင်္သာရီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်

လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့ မြို့တော်ခန်းမအဆောက် အအုံသစ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေး ကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်း အဖြစ် ထားဝယ်မြို့ မြို့တော်ခန်းမ အဆောက်အအုံသစ် အတွင်း၌ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဆက်လက် ကျင်းပ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့တော်ခန်းမ အဆောက်အအုံသစ်ဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ထားဝယ်မြို့တော်ခန်းမအား ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်တွင် ထားဝယ်မြို့သို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ထားဝယ်မြို့၌ လိုအပ်လျက်ရှိသည့် မြို့တော်ခန်းမကို တည်ဆောက်ရန် ခွင့်ပြုဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကာ စတုရန်းပေ ၄၀၃၆၄ ပေရှိကာ တစ်ထပ်ခွဲ RCC အဆောက်အအုံ အမျိုးအစားဖြစ်ကြောင်း သိရသည်။

**ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်**

ယင်းနောက် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပညာရည်ချွန်ဆု ချီးမြှင့်ရခြင်းနှင့် ပညာရေးကဏ္ဍကိုအလေးပေးမြှင့်တင် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြား ရာ၌ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ် အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူ တစ်ဦးချင်းစီသည် အသိပညာ၊ အတတ် ပညာ၊ အတွေး အခေါ် ဗဟုသုတ ပြည့်ဝကြရန်လိုကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့် အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာ ရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြား သိရှိပြီး နိုင်ငံနှင့်လူမျိုး ကောင်းကျိုးများကို သယ်ပိုးရွက် ဆောင်နိုင်ကြရန်အရေးကြီးကြောင်း၊ ထိုသို့ အဘက်ဘက် မှ ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်း ပညာတတ်ရန် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **"နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ထားကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကို မြှင့်တင်ပေးနေ သကဲ့သို့ထူးချွန်ထက်မြက်သည့် လူရည်ချွန်များ၊ တက္ကသိုလ် ဝင်တန်းတွင် ထူးထူးချွန်ချွန် အောင်မြင်ကြသူများကို နှစ်စဉ် ထိုက်ထိုက်တန်တန် ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိ ကြောင်း၊ ယခုအခမ်းအနားတွင် ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင် ခဲ့သည့် မမြတ်ရတနာသင်းကို ချီးမြှင့်ဂုဏ်ပြုသွားမည် ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်မှစပြီး တနင်္သာရီတိုင်းဒေသကြီး၏တက္ကသိုလ် ဝင်တန်း အောင်ချက်များကို ကြည့်ပါက ၂၀၂၂ ခုနှစ်တွင် ၄၅ ဒသမ ၉၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ၆၈ ဒသမ ၀၃ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၄၈ ဒသမ ၃၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင် နှစ်တွင် ၅၀ ဒသမ ၅၈ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက် နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် အောင်မြင်မှု ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ဂုဏ်ထူးရရှိမှုများအနေဖြင့် လေးနှစ်တာကာလ အတွင်း ခြောက်ဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၆၂ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၁၀ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၆၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၂၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၆၃ ဦးရှိခဲ့ကြောင်း၊ ပြီး ခဲ့သည့် လေးနှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် အဆင့်(၁) တစ်ဦးရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ယခု ကဲ့သို့ ပညာရေးကဏ္ဍ ပိုမိုတိုးတက်လာခြင်းသည် မိဘ၊ ဆရာများ၏ စေတနာနှင့် ဝတ္တရားကျေပွန်စွာ ပူးပေါင်း ဆောင်ရွက်မှုအပြင် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင် ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်မှ ယနေ့ ၂၀၂၅ ခုနှစ်အထိ လေးနှစ်တာ ကာလအတွင်း တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူ များအနက် ဆေးတက္ကသိုလ် တက်ရောက်နေသူ ၁၈ ဦး၊ နည်းပညာတက္ကသိုလ် တက်ရောက်နေသူ ၁၅၂ ဦး၊ ထားဝယ်မြို့ Polytechnic University တွင် ၁၉၆ ဦး ပညာသင်ကြားလျက်ရှိသည်ဟု သိရကြောင်း၊ ထို့အပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ ကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်

လုံးတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း လေးကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အသက်မွေးဝမ်းကျောင်း အခြေခံပညာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိ နေသည်ကို တွေ့ရကြောင်း။

စာတော်သည့် ထူးချွန်သည့်သူတစ်ယောက်သည် ငယ်စဉ်ကတည်းက မိဘ၊ ဆရာသမားများ၏ ကြပ်မတ် သွန်သင်မှုနှင့် ငယ်စဉ်ကတည်းက ကြိုးစားမှုသာရခြင်း ဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာမည်" ဖြစ်ကြောင်း၊ မမြတ်ရတနာသင်း ကဲ့သို့ပင် ထားဝယ် ဒေသမှ တိုင်းသိ ပြည်သိ ကမ္ဘာသိ ထူးချွန်သည့်ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့ကြောင်း၊ ဝန်ကြီးချုပ် ဦးဘဆွေ၊ ဦးစိန်ဝင်း၊ ဗိုလ်မှူးကြီး ဗထူး၊ မီးပုံးပျံ ဦးကျော်ရင်၊ သူရ မချစ်ပို၊ ပန်းချီ ဦးငွေကိုင်၊ နိုင်ငံတော် စာရင်းစစ်ချုပ် ဦးအုန်းတင်၊ မောင်ထားဝယ် ဦးဖေအေး၊ ကျွန်းဆွယ် အလေးမချန်ပီယံ ဦးဖေအေး စသည်ဖြင့် အခြားမိမိအနေဖြင့် မဖော်ပြနိုင် သည့် ပုဂ္ဂိုလ်များလည်း များစွာရှိကြမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်ရာများပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင် ပေးလျက်ရှိသကဲ့သို့ မိဘများ၊ ဆရာ၊ ဆရာမများကလည်း မိမိတို့၏ သားသမီးများ၊ တပည့်များကို ပညာတတ်လူတော် လူကောင်းများဖြစ်အောင် သွန်သင်ဆုံးမ၊ လေ့ကျင့် သင်ကြားပေးကြရန်၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း မိဘ၊ ဆရာများ၏ သွန်သင်ပြသမှုများကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာ - ပြည့်ဝ သည့်၊ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သည့်၊ ဗလ ငါးတန်ပြည့်ဝသည့်၊ နိုင်ငံအတွက် အားကိုးအားထားပြု နိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်မိသားစုများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

## ( ၁၉ - ၉ - ၂၀၂၅ )




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်စစ်ဆေးပြီး တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြရာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားရန်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် နိုင်ငံပိုင်ရေပြင်များ လုံခြုံရေးလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းရန်အောင်ခန်းမ၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

**စွမ်းရည်စွမ်းအားပြည့်ဝသည့် တပ်များနှင့် ကျန်းမာကြံ့ခိုင်ပြီး ရဲစွမ်းသတ္တိရှိသည့် တပ်မတော်သားများဖြစ်စေရေး**

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိကြောင်း၊ ထိုသို့ကာကွယ်ရာတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်ရန်၊ နိုင်ငံတော်သယံဇာတပစ္စည်းများကို ကာကွယ်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများပြည့်ဝနေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၏ တစ်ဦးချင်းအရည်အချင်းများ ပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း။

တပ်မတော်သားများတစ်ဦးချင်းအနေဖြင့် အမြဲကျန်းမာကြံ့ခိုင်နေစေရေး မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ နေ့စဉ်ဆောင်ရွက်ရသည့် သမားစဉ်လုပ်ငန်းများကိုလည်း လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ရဲစွမ်းသတ္တိ၊ လုပ်ရဲကိုင်ရဲသည့်သတ္တိများ ရှိနေရန်လိုကြောင်း၊ တပ်မတော်သားအဖြစ် ဝင်ရောက်လာကြသူများသည် တပ်မတော်သားကောင်းတစ်ဦး၏ဘဝကိုလိုချင်သောကြောင့်ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် လုပ်လိုကိုင်လိုသောစိတ်၊ လုပ်ရဲကိုင်ရဲသည့် စိတ်များရှိရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့် လက်နက်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နေမှသာ မိမိကိုယ်ကိုနှင့် မိမိကိုင်ဆောင်ရသည့် လက်နက်အပေါ် ယုံကြည်မှုရှိသည့် စိတ်ဓာတ်များ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး လေ့ကျင့်သားပြည့်ဝနေစေရေး လေ့ကျင့်သင်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းများတွင် မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာရပ်များကို အမြဲအသုံးပြုဆောင်ရွက်နေမည်ဆိုပါက လေ့ကျင့်သားပြည့်ဝလာမည်ဖြစ်ကြောင်း။

**တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီး ၄ ရပ်**

တပ်တည်ဆောက်ရေးနှင့် ပတ်သက်၍ လုပ်ငန်းစဉ် (၄) ရပ် ချမှတ်ဆောင်ရွက်နေကြောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် လေ့ကျင့်ရေးဖြင့် တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုနှင့် အခြားကဏ္ဍများတွင် အုပ်ချုပ်ရေးပိုင်းသည် ပါဝင်ကြောင်း၊ အုပ်ချုပ်ရေးပိုင်း ကောင်းမွန်မှသာ တပ်များ၏ စွမ်းရည်နှင့် စွမ်းအားများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများက အုပ်ချုပ်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ လိုက်ပါဆောင်ရွက်နေရသူများအနေဖြင့်လည်း မိမိတို့၏ တစ်ဦးချင်းအသိစိတ်ဓာတ်များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်ခြင်းသည် တိုက်ပွဲအောင်နိုင်ရန်အတွက် များစွာအရေးကြီးကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်ပိုင်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ စားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေကြောင်း၊ အသောက်အစားအပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုပြည့်ဝစွာ ထမ်းဆောင်

နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း။

အုပ်ချုပ်မှုကောင်းအောင်၊ သက်သာချောင်ချိမှုများ ရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်သားတစ်ဦးချင်းစီ၏ စိတ်ဓာတ်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး ၄ ရပ်ကို အလေးထားလိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပညာရေးအားပေးရန်နှင့် တပ်မတော်သားကောင်းများဖြစ်စေရန်**

တပ်မတော်သားမိသားစုဝင်များ၏ ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့၏ သားသမီးများအား ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ အနည်းဆုံးအဆင့် အခြေခံပညာအလယ်တန်းအောင်မြင်အောင် သင်ကြား၍ စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ၌ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ကိုယ်တိုင်လည်း စာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာပေးဆောင်းပါးများကိုလည်း ဖတ်ရှုလေ့လာပြီး အချင်းချင်း ပြန်လည်မျှဝေဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များအသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့် မိမိတို့၏ အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်းအသိတရားဖြင့် အသုံးပြုကြရန်လိုကြောင်း၊ တာဝန်ရှိသူများကလည်း စစ်ဆေးကြပ်မတ်ပေးနေရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေးစွမ်းပကားများ တိုးတက်စေရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကိုကောင်းအောင် ထိန်းသိမ်းဆောင်ရွက်ပြီး တပ်မတော်သားကောင်းများ ပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တပ်မတော်အတွက် နာမည်ကောင်းကျန်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

## ( ၁၉ - ၉ - ၂၀၂၅ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား မြိတ်မြို့၊ ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆန်နှင့် အသား၊ ငါး ဖူလုံမှုဆိုင်ရာများ၊ ငါး၊ ပုစွန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အလတ်စားနှင့် အငယ်စား MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု၊ ရေပေးဝေရေးဆောင်ရွက်ထားရှိမှု၊ ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက မြိတ်မြို့ ငါးလေလံဈေးတည်ဆောက်ရေးစီမံကိန်းနှင့် စက်မှုဇုန်စီမံကိန်းအား BOO စနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးစေလိုမှု၊ မြိတ်လေယာဉ်ကွင်းအား ပြည်ပကုန်တင်လေယာဉ်များ ဆင်းသက်နိုင်ရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်များအား ကုန်ချောထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မြိတ်မြို့မှ ရေငန်ငါးများတင်ပို့ရာတွင် ပိုမိုမြန်ဆန်မှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို တိုးတက်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ပုစွန်သားပေါက်များရရှိရေး၊ ပုစွန်အစာရရှိရေးတို့အား လွယ်ကူလျင်မြန်စွာ တင်သွင်းခွင့်ရရှိနိုင်ရေး နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများအား ပြည်ပသွင်းကုန်အစားထိုးတန်ဖိုးမြင့်ကုန်ချော Tubeless တာယာစက်ရုံအတွက် လိုအပ်သည့်စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးလိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို အသီးသီးဆွေးနွေးတင်ပြကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် တင်ပြချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား**

ထို့နောက် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် တင်ပြချက်များတွင် ပါဝင်သည့် မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြေနေရာနှင့် ပတ်သက်၍လည်း မူဝါဒချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ မြိတ်ခရိုင်အတွင်း ဆန်ဖူလုံမှုနှင့်ပတ်သက်၍ တိုးတက်မှုရှိလာသည်ကို တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများ၌ အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ သတ်မှတ်စည်းမျဉ်းများနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြိတ်ဒေသတွင် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်နေထိုင်ကြမည်ဆိုပါက လူနေထိုင်မှုအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပြီး စိုက်ပျိုးမြေများ၌ အခြားနည်းများဖြင့် အသုံးပြုမှုများသည်လည်း လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင် အအေးခန်းကွန်တိန်နာများဖြင့် သယ်ယူဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ပုစွန်သားပေါက်တင်သွင်းခွင့်ရရှိရေး၊ ပုစွန်အစာတင်သွင်းခွင့်ရရှိရေးတို့နှင့် ပတ်သက်၍ အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ရေထွက်ကုန် ပစ္စည်းများသည် အိမ်နီးချင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်ပမာဏ ကြီးမားစွာရှိသည့်အတွက် လေကြောင်းလိုင်းများမှတစ်ဆင့် တင်ပို့နိုင်ရေး မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုစွန်မွေးမြူရေးအတွက် လိုအပ်သည့်ပုစွန်အစာနှင့်ပတ်သက်၍ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုစွန်မွေးမြူရေးတွင် ပုစွန်ကန်များ ပြုလုပ်၍ မွေးမြူသကဲ့သို့ သဘာဝဘေးအန္တရာယ်ကို အတတ်နိုင်ဆုံး လျှော့ချနိုင်ရန်အတွက် လေကာပင်များ စိုက်ပျိုးရန်လိုကြောင်း၊ ပုစွန်ကန်များ ဖော်ထုတ်ရာတွင်လည်း စနစ်တကျသုတေသနပြုဆောင်ရွက် သွားရန်လိုကြောင်း။

**နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး**

တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေးဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံတော်ကို စီးပွားရေးအရ မြှင့်တင်နိုင်ရေး၊ လူမှုရေးအရ မြှင့်တင်နိုင်ရေးဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ လူတိုင်းသည် နိုင်ငံရေးအရတည်ငြိမ်ပြီး စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုများကို လိုလားကြကာ စိတ်အေးချမ်း

သာစွာဖြင့် စီးပွားရေးလုပ်ဆောင်လိုကြကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်ငံရေးအရ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ဖြင့် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် သဘောတူထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် လွှတ်တော်များ ကျင်းပမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အရေးကြီးပြီး ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်ကြောင်း၊ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲ အထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ချိန်တွင် တပ်မတော်နှင့် မိမိကိုယ်တိုင်အနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းပေးရန် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ သို့သော်လည်း တာဝန်ရှိသည့် အစိုးရအဖွဲ့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမှုမရှိခဲ့ကြောင်း၊ ထို့ပြင်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်လာခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ကျေးလက်နေသူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ပညာရည်မြင့်မားရေး**

မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်လျက်ရှိကြကြောင်း၊ ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေး

**တပ်မတော်အနေဖြင့် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ဖြင့် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ရန် သဘောတူထားပြီးဖြစ်၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် လွှတ်တော်များ ကျင်းပမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားပြီးဖြစ်၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည်အရေးကြီးပြီး ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်၊ လွှတ်တော်မှ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့ တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲ အထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီး။**

နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပညာရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်၍ ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အခြေခံပညာအလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံပညာ အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ လူသားအရင်းအမြစ်ကောင်းများ ရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များ များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အလုပ်လုပ်ကိုင်နိုင်ရေး အလုပ်အကိုင်ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး အမှန်တကယ်လည်း အလုပ်လုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့ဒေသတွင်း၌ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ဒေသတွင်း လည်ပတ်ရင်းနှီးငွေ တိုးပွားလာမည်ဖြစ်ကာ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ထုတ်ကုန်တိုးမြှင့်၊ အလုပ်အရှိန်မြှင့်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် ဒေသအလိုက် ကုန်ထုတ်လုပ်မှုမှရငွေများ တိုးမြှင့်ရရှိလာရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အားသာချက်ရှိသည့်၊ အလားအလာကောင်းသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလုပ်လုပ်ကိုင်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရေခံ၊ မြေခံနှင့် သဘာဝကပေးသော အခွင့်အလမ်းကောင်းများရှိသော်လည်း အလုပ်လုပ်ကြရန် လိုအပ်လျက်ရှိကြောင်း၊ လုံလောက်သောအရင်းအမြစ်၊ လုပ်သားများရှိသော်လည်း အလုပ်အကိုင်အား ရွေးချယ်နေခြင်းသည် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရရာကဏ္ဍ၊ ရောက်ရာနေရာ၌ ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်**

မွေးမြူရေးနှင့် ပတ်သက်၍ ထုတ်လုပ်မှုကုန်ကျစရိတ် များပြားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုမရှိခြင်းတို့ကြောင့် အသား၊ ငါးနှင့် အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုရှိစေရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

ဒေသမှထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အခြေခံ၍ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ရော်ဘာကုန်ချောထုတ်ကုန်များကို ထုတ်လုပ်၍ရနိုင်ကြောင်း၊ အလားတူ ဒေသတွင်း အများအပြား ဖြစ်ထွန်းအောင်မြင်

သည့် အုန်းနှင့်ပတ်သက်၍လည်း အဆင့်မြင့်ဈေးကွက်ဝင် ကုန်ချောများ ထုတ်လုပ်နိုင်သည်ဖြစ်သဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချစေလိုပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မြိတ်မြို့သည် ပညာရေးကို အားပေးသည့် မြို့ဖြစ်သည်ကို တွေ့ရှိရသော်လည်း တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့၏ အနာဂတ်သားသမီးများကို ကောင်းမွန်သည့် ပညာအမွေပေးခဲ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများ သင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ ဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး မဲပေးရာတွင်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံ ကိုယ်စားလှယ်များသည် နိုင်ငံ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီ စနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူ ဖြစ်ရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက် နိုင်မည့်သူများ ဖြစ်ရန်လို။**

## နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများ ပေါ်ထွက်လာရေး

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး မဲပေးရာတွင်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှုပြုလုပ်၍မရကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မည့်သူများ ဖြစ်ရန်လိုကြောင်း၊ မြိတ်ဒေသတိုးတက်စေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြိတ်ဒေသတွင်နေထိုင်သူများကလည်း မိမိတို့ဒေသအကျိုးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

■ ■ ■

# တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မော်ဘီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၂၀ - ၉ - ၂၀၂၅ )





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ မော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)တပ်မှူးတို့က တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူသိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လိုကြောင်း၊ ဖျော်ဖြေမှုများဆောင်ရွက်ရာတွင် အသံနှင့် အရုပ်နှစ်ခုလုံး ပါဝင်သည်ဖြစ်သဖြင့် အသံကောင်းမွန်ရုံသာမက တင်ဆက်သည့်အစီအစဉ်နှင့်ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုဖြစ်စေရန်လည်း အရေးကြီးကြောင်း၊ သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များ ထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်စေရေး တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ အစီအစဉ်များ ထုတ်လွှင့်ရာတွင်လည်း ပြည်သူများကောင်းရာ ကောင်းကျိုးကို အကျိုးပြုစေနိုင်မည့်၊ အသိပညာဗဟုသုတရရှိစေနိုင်မည့် ပြည်သူ့အကျိုးပြု အစီအစဉ်ကောင်းများဖြစ်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သည့် “ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် -၂၀၂၅” မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ် ပြောကြားသည့် မိန့်ခွန်း

( ၂၅ - ၉ - ၂၀၂၅ )




“ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ်–၂၀၂၅” (World Atomic Week forum 2025)ကို စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် “နည်းပညာသစ်မွေးဖွားခြင်းမှ ကမ္ဘာသစ်အမြင်ဆီသို့” (From a New Technological Rollout to a New Worldview) ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက် ဆွေးနွေးသည်။

အဆိုပါ “ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် –၂၀၂၅” (World Atomic Week forum 2025)သို့ ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့ အပါအဝင် နိုင်ငံတကာ မှခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီး များနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများ မှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်း ကျွမ်းကျင်သူများ၊ ကုမ္ပဏီကြီးများမှ အကြီးအကဲများ၊ CIS ၊ အာရှ၊ အာဖရိက

နှင့် လက်တင်အမေရိကဒေသများမှ ခေါင်းဆောင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM)၏ ညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev က အဖွင့်အမှာစကားပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ၊ အာမေးနီးယားနိုင်ငံဝန်ကြီးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ်၊ IAEA ၏ ညွှန်ကြားရေးမှူးချုပ်တို့ အပါအဝင် တက်ရောက်လာကြသည့် နိုင်ငံတကာမှ အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများနှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကမ္ဘာ့ထိပ်တန်းကျွမ်းကျင်သူများက မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။

**နျူကလီးယား လုပ်ငန်းများအတွက် ရည်မှန်းချက်ကောင်းများ ဆွေးနွေးမျှဝေ**

ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူလုပ်ငန်းများ၏ နှစ်(၈၀)ပြည့် အခမ်းအနားနှင့် ဆက်စပ်ကျင်းပသည့် ယခုအပြည်ပြည်ဆိုင်ရာဖိုရမ် ကမ္ဘာ့အဏုမြူသီတင်းပတ်သည် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယား နည်းပညာ၏ ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၊ စိုက်ပျိုးရေး၊ ဆေးပညာနှင့် စက်မှုကဏ္ဍများအပေါ် အထောက်အကူပြုခဲ့သည့် သမိုင်းကြောင်းကို ဖော်ပြပေးသည်သာမက အနာဂတ်နျူကလီးယား လုပ်ငန်းများအတွက် ရည်မှန်းချက်ကောင်းများကို ဆွေးနွေးမျှဝေပေးနိုင်မည့် ဖိုရမ်တစ်ခုလည်းဖြစ်ကြောင်း။

ယခုဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် "အရာရာတိုင်းသည် အက်တမ်တစ်ခုမှစတင်သည်" (Everything starts with an atom.) ဆိုသည့်အတိုင်း မိမိတို့အပါအဝင် စကြဝဠာကြီးထဲတွင်ရှိသည့် အရာဝတ္ထုများအားလုံးသည် အက်တမ်များနှင့် ဖွဲ့စည်းထားခြင်းပင်ဖြစ်ကြောင်း။

အဆွေတော်တို့ သိကြသည့်အတိုင်း အက်တမ်၏ နျူကလိယပ်စ်ထဲက ကြီးမားသည့် နျူကလီးယားအားကို ထိန်းချုပ်အသုံးချနိုင်ခဲ့ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပြင် ဆေးပညာ၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများကို များစွာဖွံ့ဖြိုးတိုးတက်စေခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း ဆိုဗီယက်ပြည်ထောင်စုကာလ ၁၉၅၄ ခုနှစ် ဇွန်လ ၂၆ ရက်မှစ၍ ကမ္ဘာ့ပထမဦးဆုံး နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးသည့် နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် လောင်စာသစ်များကို ထုတ်လုပ်ပေးနိုင်သည့် အမြန်နျူထရွန်သုံး နျူကလီးယားဓာတ်ပေါင်းဖို (Fast Breeder Reactors) များကို အောင်မြင်စွာလည်ပတ်နိုင်သည့် တစ်ခုတည်းသော နိုင်ငံတစ်ခုလည်းဖြစ်ကြောင်း။

နှစ်ပေါင်း (၈၀)ကျော်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နျူကလီးယားကဏ္ဍကို အသိပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ငြိမ်းချမ်းသော အဏုမြူဆိုင်ရာသိပ္ပံပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီးရှူးတန်ဆောင်တစ်ခုအဖြစ် မယိမ်းယိုင်ဘဲ ခိုင်မြဲစွာပြောင်းလဲပေးခဲ့ကြသည့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ မူဝါဒရေးဆွဲသူများနှင့် ရည်မှန်းချက်ကြီးမားသူများအားလုံးကို မိမိ၏နှလုံးသားထဲမှ လှိုက်လှဲစွာဖြင့် ချီးကျူးဂုဏ်ပြုစကားပြောကြားလိုကြောင်း။

**ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြု**

ကမ္ဘာ့စွမ်းအင် လိုအပ်ချက်သည် နှစ်စဉ်တိုးတက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA)၏ အစီရင်ခံစာအရ ၂၀၂၅ ခုနှစ်မှာ ၂၀၂၄ ခုနှစ်ထက် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်ကိုတွေ့ရှိရကြောင်း၊

ယခုလက်ရှိတွင် ကမ္ဘာ့စွမ်းအင် လိုအပ်ချက်၏ ၉ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရယူလျက်ရှိပြီး World Net–Zero Carbon Emissions အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန် စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နျူကလီးယား စွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှု နည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်ပြီး တည်ငြိမ်လျှပ်စစ်စွမ်းအားကိုလည်း ပေးစွမ်းနိုင်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေးတွင် နျူကလီးယားနည်းပညာများသည် ပိုး၍ဘေးကင်းလုံခြုံပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည့် အစားအစာထုတ်လုပ်မှုကို ပံ့ပိုးပေးပါကြောင်း၊ မျိုးဗီဇပြောင်းလဲမွေးမြူခြင်းကဲ့သို့ အစီအစဉ်များသည် မိုးခေါင်ရေရှားမှု၊ ပိုးမွှားနှင့် ရောဂါများကို ခံနိုင်ရည်ရှိသည့်သီးနှံများကို ထုတ်လုပ်ပေးခဲ့ပြီး မျိုးပွားနိုင်မှုမရှိသည့် အင်းဆက်နည်းပညာ

> **နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် နယ်ပယ်အသီးသီးတွင် အသုံးချပါက လူသားမျိုးနွယ်အတွက် များစွာ အကျိုးပြုသလို အခြားတစ်ဖက်တွင်လည်း အားနည်းချက်များရှိ၊ နျူကလီးယားစွမ်းအင် အသုံးပြုသည့်အခါ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို မထိခိုက်အောင် ရေဒီယို သတ္တိကြွ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ခြင်း၊ နျူကလီးယား ဒြပ်ပစ္စည်းများမှ ဓာတ်ရောင်ခြည် ယိုစိမ့်မှုမဖြစ်အောင် ကာကွယ်ရန် လိုအပ်ခြင်းနှင့် နျူကလီးယား မတော်တဆမှုများ မဖြစ်ပွားအောင် စိတ်ချရသည့် ဘေးကင်းလုံခြုံမှုရှိအောင် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ခြင်းတို့ရှိ။**

သည်လည်း ပိုးသတ်ဆေးအသုံးပြုမှုကို လျှော့ချနိုင်စေခဲ့သကဲ့သို့ ဂေဟစနစ်များကို ကာကွယ်ပေးခြင်းနှင့် ရေရှည်တည်တံ့သည့် ရိတ်သိမ်းမှုများကိုဖြစ်စေကြောင်း၊ မိမိတို့ကဲ့သို့ စိုက်ပျိုးရေးနိုင်ငံများအတွက် များစွာအကျိုးဖြစ်စေကြောင်း။

ဆေးပညာပိုင်းတွင်ဆိုပါက ရေဒီယိုအိုင်ဆိုတုပ်များနှင့် နျူကလီးယား ပုံရိပ်ဖော်နည်းပညာများသည် ရောဂါကို ရှာဖွေခြင်းနှင့် ကုသခြင်းနည်းလမ်းများကို ပြောင်းလဲစေခဲ့ကြောင်း၊ ကင်ဆာရောဂါများကို စောစီးစွာ သိရှိနိုင်ခြင်းနှင့် ရေဒီယိုဓာတ်ရောင်ခြည်နည်းဖြင့် ကုသခြင်း (Radiotherapy)က ရရှိလာသည့် တိကျသည့် ပစ်မှတ်ထားကုသမှုတို့ကြောင့် နှစ်စဉ်နှစ်တိုင်း သန်းနှင့်ချီသည့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပြီး မရေမတွက်နိုင်သော လူပေါင်းများစွာ၏ ဘဝများကို ပိုမိုကောင်းမွန်စေခဲ့ကြောင်း၊ နျူကလီးယားဆေးပညာသည် လူသားမျိုးနွယ်အတွက် သိပ္ပံပညာအစွမ်းဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်း၏ ဥပမာတစ်ရပ်ဖြစ်ကြောင်း။

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် နယ်ပယ်အသီးသီးတွင်အသုံးချပါက လူသားမျိုးနွယ်အတွက် များစွာအကျိုးပြုသလို အခြားတစ်ဖက်တွင်လည်း အားနည်းချက်များရှိကြောင်း၊ နျူကလီးယားစွမ်းအင် အသုံးပြုသည့်အခါ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို မထိခိုက်အောင် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ခြင်း၊ နျူကလီးယား ဒြပ်ပစ္စည်းများမှ ဓာတ်ရောင်ခြည်ယိုစိမ့်မှုမဖြစ်အောင် ကာကွယ်ရန်လိုအပ်ခြင်းနှင့် နျူကလီးယား မတော်တဆမှုများ မဖြစ်ပွားအောင် စိတ်ချရသည့် ဘေးကင်းလုံခြုံမှုရှိအောင် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ခြင်းတို့ရှိကြောင်း။

မြန်မာနိုင်ငံသည် နျူကလီးယားစွမ်းအင် အသုံးပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်ကစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နျူကလီးယားစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခဲ့ခြင်းသည် နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်စတင်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ နျူကလီးယားနည်းပညာ သတင်းအချက်အလက် စင်တာကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် နျူကလီးယား နယ်ပယ်တွင် အတွေ့အကြုံကြွယ်ဝပြီး ထိပ်တန်းဖြစ်သည့် ရုရှားနိုင်ငံနျူကလီးယားစက်ရုံနှင့် နည်းပညာအပေါ် မီဒီယာမျိုးစုံနှင့် ပြည်သူလူထု ပိုမိုနားလည်သဘောပေါက်စေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တစ်ဆက်တည်း၌ပင် အမျိုးသားအဆင့် နျူကလီးယား အခြေခံအဆောက်အအုံနယ်ပယ်များ၌ ရုရှားဖက်ဒရေးရှင်း နိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းလမ်းညွှန်ချက်များ (Terms of Reference – ToR)ကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ “ROSATOM”နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး “သိပ္ပံပွဲတော် ၂၀၂၃”နှင့် “သိပ္ပံပွဲတော် ၂၀၂၄” တို့ကို နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် ရန်ကုန်နည်းပညာ တက္ကသိုလ်(YTU) တို့၌ ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် မြန်မာကျောင်းသားများကို နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာနှင့် ဗဟုသုတများစွာရရှိစေခဲ့ကြောင်း။

ROSATOM မှ ချီးမြှင့်သည့် ပညာသင်ဆုအစီအစဉ်ဖြင့် Small Modular Reactor–SMR အတွက် လုပ်ငန်းလိုအပ်ချက်များ အပါအဝင် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားနည်းပညာအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ ဆောင်ရွက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နျူကလီးယားစွမ်းအင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းမှတ်တိုင် (၃) ခု၊ လုပ်ငန်းအဆင့် (၃) ခုတို့ဖြင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် အေဂျင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ ROSATOM ၏ Timeline အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၅၇ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (International Atomic Energy Agency–IAEA)၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ချိန်မှစပြီး အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (Technical Cooperation)တွင် ပါဝင်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီအနေဖြင့် လုပ်ငန်းရန်ပုံငွေ ပံ့ပိုးပေးခြင်း၊ စက်ပစ္စည်းကိရိယာများထောက်ပံ့ပေးခြင်း၊ အခြေခံအဆောက်အအုံများ မြှင့်တင်ပေးခြင်းတို့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်များတွင် ပါဝင်စေခြင်း၊ နည်းပညာဆိုင်ရာသင်တန်းများပေးခြင်း၊ နည်းပညာပူးပေါင်းဆောင် ရွက်ရေးစီမံကိန်းများ ဆောင်ရွက်စေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီက ကြီးမှူးကျင်းပသည့် နျူကလီးယား ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ နျူကလီးယားဥပဒေကို ပြင်ဆင်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ROSATOM နည်းပညာအကယ်ဒမီနှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီတို့ ကြီးမှူးကျင်းပသည့် နိုင်ငံခြားကျွမ်းကျင်သူများအတွက် အမျိုးသားအဆင့် နျူကလီးယား အစီအစဉ်များ အကောင်အထည်ဖော်မှုတွင်ပါဝင်သည့် အငယ်စား နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ နေရာချထားခြင်းဆိုင်ရာ ဒေသတွင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးသင်တန်းကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် IAEA အဖွဲ့ဝင်နိုင်ငံအဖြစ် နျူကလီးယားနယ်ပယ်များ မြန်မာနိုင်ငံမှာ အသုံးပြုနိုင်ရေး နှစ်ပေါင်းများစွာကတည်းက ကြိုးစားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တုံ့နှေးနေခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်ကစပြီး ရုရှားနိုင်ငံနှင့်ပူးပေါင်းကာ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ကြိုးစားခဲ့မှု၊ ရုရှားနိုင်ငံ၏ အဘက်ဘက်မှ အားဖြည့်ဆောင်ရွက်ပေးမှုတို့ကြောင့် တိုးတက်မှုများ သိသာစွာရရှိခဲ့ပြီးဖြစ်ကြောင်း။

နျူကလီးယားစွမ်းအင်ဟာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကိုထုတ်ယူပြီး နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း။

**ကျေးလက်နေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအား လိုအပ်ချက် မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နျူကလီးယားနည်းပညာနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရုရှားနိုင်ငံရှိ တက္ကသိုလ်များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ ပညာရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ် ရေးထိုးပြီး စီမံလုပ်ဆောင်လျက်ရှိကြောင်း။

မြန်မာနိုင်ငံတွင် ကနဦးခြေလှမ်းအဖြစ် အငယ်စား နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက် နိုင်ရေးအတွက် ROSATOM နှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်အခြေခံအဆောက် အအုံများနှင့် အခြားသောကဏ္ဍပေါင်းစုံ တိုးချဲ့ဆောင်ရွက် နိုင်ရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက် ရန် ဆန္ဒရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အငယ်စားလျှပ်စစ်ဓာတ်အားပေး စက်ရုံ တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် နျူကလီးယား အခြေခံအဆောက်အအုံ၊ လူ့စွမ်းအား အရင်းအမြစ်များနှင့် အခြားလိုအပ်သည့် လုပ်ငန်းများကို ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ROSATOM တို့က တတ်နိုင် သမျှ မြန်မာနိုင်ငံကို ဆက်လက်ကူညီပေးပါရန် မိမိ အနေဖြင့် အလေးအနက်ထား မေတ္တာရပ်ခံအပ်ပါကြောင်း။

အလားတူ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA) ကလည်း မြန်မာနိုင်ငံ၏ နျူကလီးယား စွမ်းအင် အကောင်အထည်ဖော်ဆောင်ရာတွင် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီပေးရန် လည်း မိမိအနေဖြင့် အလေးအနက်ထား မေတ္တာရပ်ခံ အပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ယခု အပြည်ပြည်ဆိုင်ရာဖိုရမ် ကမ္ဘာ့အဏုမြူသီတင်းပတ် ကို တက်ရောက်လာကြသည့် နိုင်ငံများနှင့်လည်း နျူကလီးယားနည်းပညာကဏ္ဍနှင့် ပတ်သက်သည့် သင့်လျော်ရာ Sector များ၌လည်း ပူးပေါင်းဆောင်ရွက် လိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နှင့် မိတ်ဖက်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်လိုကြောင်းနှင့် အဏုမြူ စွမ်းပကားဖြင့် ကမ္ဘာ့ပြည်သူများ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုး၍ အကျိုးပြုပါစေရန် ဆုမွန်ကောင်းတောင်းပါ ကြောင်း ပြောကြားသည်။

■ ■ ■

# မော်စကိုမြို့၌ကျင်းပသည့် သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲတွင် ပြောကြားသည့် အမှာစကား

( ၂၅ - ၉ - ၂၀၂၅ )






"လူငယ်နှင့်အနာဂတ်မြန်မာ-သိပ္ပံနှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ RADISSON COLLECTION ဟိုတယ်၊ Conference Hall ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရပ်ဘက်တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများ တက်ရောက်ကြသည်။

**ကြည့်ရှုလေ့လာ**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လေ့လာဆန်းစစ်မှုများ၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် နည်းပညာဆိုင်ရာများကို ကဏ္ဍပေါင်းစုံတွင် အသုံးချနိုင်မည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများစသည်ဖြင့် ကဏ္ဍအလိုက် ပိုစတာများဖြင့် သုံးသပ်တင်ပြထားမှုအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာကြပြီး ပြကွက်တာဝန်ခံများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ထို့နောက် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေး

ပွဲကို စတင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကား ပြောကြားရာ ယနေ့ကျင်းပသည့် "လူငယ်နှင့် အနာဂတ် မြန်မာ-သိပ္ပံနှင့်နည်းပညာ" အလုပ်ရုံဆွေးနွေးပွဲသည် အနာဂတ်မြန်မာနိုင်ငံတွင် ကြုံတွေ့လာနိုင်သည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းအဖြေရှာနိုင်စေရန်၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ စိတ်အား ထက်သန်စွာဖြင့် ပူးပေါင်းပါဝင်လာစေရေး ခေတ်မီဆန်း သစ်ပြီး စဉ်းစားတွေးခေါ်နိုင်မှုမြင့်မားသည့် ပညာတတ် လူငယ်များဖြစ်လာစေရန်၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန်နှင့် လူငယ်များ၏ စွမ်းဆောင် နိုင်မှုအပေါ် မြှင့်တင်အားပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ယခုဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်အသီးသီးတွင် သုတေသနပြုစုနေကြသည့် သင်တန်းသားများမှ လေ့လာ တွေ့ရှိချက်များအပေါ် မိမိတို့တွင်ရှိသည့် အတွေ့အကြုံ များနှင့်ပေါင်းစပ်ပြီး တင်ပြဆွေးနွေးကြမည်ဖြစ်သည့် အတွက် နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာကဏ္ဍအပေါ် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ တင်ပြဆွေးနွေးသူများ၏ လေ့လာတွေ့ရှိချက်နှင့်အကြံပြုချက်များအပေါ် တက်ရောက် လာသူများနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်းများ၊ အတွေ့အကြုံဖလှယ်ခြင်းများ ပြုလုပ်ဆောင်ရွက်ကြရန် လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံ နှင့်နည်းပညာဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာ၊ စက်မှုနည်းပညာ ဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုနည်း ပညာဆိုင်ရာနယ်ပယ်များတွင် ပညာရှင်များစွာ လိုအပ် လျက်ရှိနေကြောင်း၊ ပြည်တွင်း၌ အလုပ်လုပ်နိုင်သည့် အရွယ် လူဦးရေအချိုးအစား များပြားသော်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လူ့ စွမ်းအားအရင်းအမြစ်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း။

ထို့ကြောင့် လူငယ်များကို ဝေဖန်ပိုင်းခြားတွေးခေါ် တတ်မှု၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်တတ်မှု၊ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှု၊ စုပေါင်းဆောင်ရွက်နိုင်မှု စသည့် စွမ်းရည်များသာမက စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်း လာစေရန်အတွက် ညီလာခံများ၊ ယခုကဲ့သို့ အလုပ်ရုံ ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ပညာရေးကဏ္ဍကို အားပေးထောက်ပံ့လျက်ရှိ**

နိုင်ငံတော်အနေဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသည့် ဆောင်ပုဒ်အတိုင်း ပညာရေးကဏ္ဍ ကို အားပေးထောက်ပံ့လျက်ရှိပြီး ပညာရေးအသုံးစရိတ် များကို နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အသိ ဉာဏ်ပညာပြည့်စုံသည့် လူငယ်ပညာရှင်များ ပေါ်ထွန်း လာရေး၊ အသိပညာ၊ အတတ်ပညာ၊ စွမ်းရည်များနှင့် ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်တည်လာစေရေး လူငယ်များကို နိုင်ငံ့အနာဂတ်ပဲ့ကိုင်ရှင်များအဖြစ် သတ်မှတ်ကာ နိုင်ငံ သားတိုင်းအားလုံးက လူငယ်စွမ်းရည်မြင့်မားရေးနှင့် လူ့ စွမ်းအားအရင်းအမြစ် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖိဖိစီးစီးလုပ်ဆောင်ရန် လိုကြောင်းကို တိုက်တွန်း ပြောကြားလိုကြောင်း။

ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံ အများစုက ကဏ္ဍပေါင်းစုံတွင် အချက်အလက်များကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း၊ သတင်းအချက်အလက် သိပ္ပံနည်းပညာဆိုင်ရာလုပ်ငန်း များ၊ အချက်အလက် သိပ္ပံသုတေသနလုပ်ငန်းများနှင့် နိုင်ငံတော်အတွက် အထောက်အကူပြုသည့် အကျိုးဖြစ် ထွန်းစေမည့် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်သွား ကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ခေတ်တိုးတက်မှု အမြန်ဆုံးနည်းပညာမှာ ဉာဏ်ရည်တုနည်းပညာ(AI) ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ၌ ဉာဏ်ရည်တုနည်းပညာကို တွင်ကျယ်စွာ အသုံးပြု နေကြပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍများတွင် ဉာဏ်ရည်တုနည်းပညာ အသုံးပြုနိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် ဉာဏ်

ရည်တုနည်းပညာကို စိုက်ပျိုးရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဉာဏ်ရည်တုနည်းပညာကို အကျိုးရှိစွာ အသုံးချရေး၊ ခိုင်မာသော ဉာဏ်ရည်တုနည်းပညာဂေဟစနစ်ကို တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချမှုများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆောင်ရွက်**

နျူကလီးယားစွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဖွံ့ဖြိုး တိုးတက်ရေးနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်နည်းပညာကို စွမ်းအင်ကဏ္ဍအပြင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများတွင် အသုံးချနိုင်သည့်အတွက် မိမိတို့နိုင်ငံ၏ နျူကလီးယားအခြေခံအဆောက်အအုံ တည်ထောင်နိုင်ရေး ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းသည် ရှိရင်းစွဲအလုပ်ကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံအတွက် အရွေ့တစ်ခု၊ မှတ်တိုင်တစ်ခုကို ရေးထိုးနိုင်သည့်အထိ လုပ်ငန်းများအပေါ် ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်ခြင်းနှင့် စိတ်အားထက်သန်မှုရှိခြင်းတို့သည် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည်ကို အစဉ်နှလုံးသွင်းခံယူထားပြီး ကြိုးစားကြရန်လည်း မှာကြားလိုကြောင်း။

ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့်ပညာရပ်နှင့် နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်သွားရမည်လည်းဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် ခေတ်မီနည်းပညာများကို နိုင်ငံအတွင်း၌ ထိရောက်စွာ အသုံးချနိုင်ရေး နိုင်ငံ့အကျိုးစီးပွားအတွက် လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲမှ နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ၊ လိုအပ်ချက်များကို ဖော်ထုတ်နိုင်ကြစေရန်နှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ကောင်းနှင့် ခံယူချက်ကောင်းများထားရှိပြီး အနာဂတ်မြန်မာနိုင်ငံတော်၏ နိုင်ငံ့သားကောင်းများဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

> **မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်နည်းပညာကို စွမ်းအင်ကဏ္ဍအပြင် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများတွင် အသုံးချနိုင်သည့်အတွက် မိမိတို့နိုင်ငံ၏ နျူကလီးယား အခြေခံအဆောက်အအုံ တည်ထောင်နိုင်ရေး ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်မည်ဖြစ်၊ ယနေ့ မိမိတို့ ကြိုးစား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းသည် ရှိရင်းစွဲအလုပ်ကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံအတွက် အရွေ့တစ်ခု၊ မှတ်တိုင်တစ်ခုကို ရေးထိုးနိုင်သည့်အထိ လုပ်ငန်းများအပေါ် ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အရေးကြီး။**

**သိပ္ပံနည်းပညာဆိုင်ရာ ဆန်းစစ်လေ့လာချက်များနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးတင်ပြ**

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရပ်ဘက် တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားများအနက် ကိုယ်စားလှယ်သင်တန်းသားများက သိပ္ပံနည်းပညာဆိုင်ရာ ဆန်းစစ်လေ့လာချက်များနှင့်ပတ်သက်၍ ခေါင်းစဉ်အလိုက် ဦးဆောင်ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက သိရှိလိုသည့်မေးခွန်းများကို မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကြီးမားပြီး တက္ကသိုလ်ပညာသင်နိုင်သည့် လူသားအရင်းအမြစ်ကောင်းများ များစွာလိုအပ်ကြောင်း၊ အရည်အချင်းရှိသည့် ကျောင်းသားများဖြစ်ရမည်ဖြစ်ပြီး အရေအတွက်များများစွာရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားရသည့် အတွေ့အကြုံများ၊ မြင်တွေ့နေရသည့် အတွေ့အကြုံများနှင့် ဆွေးနွေးတင်ပြသွားသည်ကို တွေ့မြင်ရပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများဖြင့်လည်း ချိန်ထိုးစဉ်းစားသွားကြရန်လိုကြောင်း။


သုတေသနပြုလုပ်ရုံသာမက အသုံးချမှုနှင့်ပတ်သက်၍လည်း မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဒေသနှင့် တိုင်းပြည်၏အကျိုးကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိတက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း တက်ရောက်အောင်မြင်ပြီးစီးပါက လက်တွေ့လုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးသွားရန် လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်၍ ပညာရေးကို အားပေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ၊ Institute ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အခြေခံပညာ အလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဘာသာရပ်များကိုလည်း သိရှိနားလည်ကျွမ်းကျင်နိုင်စေရေး ဆက်လက်လေ့လာကြိုးစားအားထုတ်သွားရန်လိုကြောင်း၊ မိမိတို့သင်ယူတတ်မြောက်လာသည့် ဘာသာရပ်အသီးသီး၊ အသိအမြင်အသီးသီးတို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဖော်ဆောင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်မြင့်ပညာရပ်များကို နိုင်ငံရပ်ခြား၌ လာရောက်သင်ယူနေရသည်ဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက် ဘဝများတိုးတက်စေရေး၊ နိုင်ငံတော်မှ ပညာတော်သင်စေလွှတ်ရကျိုးနပ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကောင်းမွန်သည့် အတွေးအခေါ် အသိအမြင်များဖြင့် နိုင်ငံတော်အတွက် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်များဖြင့်သာ တည်ဆောက်ရမည် ဖြစ်သဖြင့် တစ်ဦးချင်းစီအလိုက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံစဉ် ပြောကြားသည့် ဆွေးနွေးချက်များ

( ၂၅ - ၉ - ၂၀၂၅ )



ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၅ ရက်နေ့ ညပိုင်းတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတနှင့်အတူ သမ္မတအုပ်ချုပ်မှုရုံး ဒုတိယအကြီးအကဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ လက်ထောက်အရာရှိ၊ ဘဏ္ဍာရေး၊

စွမ်းအင် ဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အစိုးရ အဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်ပြီး အဆွေတော်ရုရှားနိုင်ငံသို့ ရောက်ရှိခဲ့ချိန်များတွင် နှစ်နိုင်ငံအကြား သဘောတူညီချက်များစွာကိုလည်း ရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားရရှိထားသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းတာဝန်များ မအားလပ်သည့်ကြားမှ အဆွေတော်နှင့် ယခုကဲ့သို့ ထပ်မံတွေ့ဆုံခွင့်ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာ-ရုရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်သံတမန်ဆက်ဆံရေးသည်လည်း ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းသည် ၎င်းတို့၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် လုံခြုံရေးအရ ထိပါးလာခဲ့ပါက ကာကွယ်ပိုင်ခွင့်ရှိသည်ကို မိမိအနေဖြင့် လက်ခံထားပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် ရုရှားနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပပြီးစီးပါက ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတကာမှ လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလများတွင်လည်း မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ ဘုံအကျိုးစီးပွားများအတွက် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးနှင့် ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

■ ■ ■

# ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၂၆ - ၉ - ၂၀၂၅ )




ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၆ ရက်နေ့ ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့် ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

### ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်

ယင်းနောက် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရသည့်အတွက် ဝမ်းမြောက် မိပါကြောင်း၊

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်" (World Atomic week forum 2025) သို့ တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားချက်အရ လာရောက်ခဲ့ခြင်းဖြစ်ပြီး ယမန်နေ့က တက်ရောက်ခဲ့ကြောင်း၊ မကြာသေးမီကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတွင် ကျင်းပသည့် အခြားသော ထိပ်သီးအစည်းအဝေးများသို့လည်း တက်ရောက် ဆွေးနွေးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာအခမ်းအနားများသို့ တက်ရောက်ခွင့်ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များကိုရရှိစေကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ကြောင်း။

**မှန်မှန်ကန်ကန်ရွေးချယ်**

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်မနေ ကျင်းပပေးသွားရမည်ဖြစ်ပြီး မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရသည့် ရွေးကောက်ပွဲများတွင် မဲမသမာမှုဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လာမည့်ရွေးကောက်ပွဲတွင် မဲမသမာမှုများ မဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုမရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များသည် ယုံကြည်စိတ်ချရပြီး မဲမသမာမှု ပြုလုပ်၍မရကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်ဖြစ်စေရေး ဆောင်ရွက်သွားရန်မှာ မိမိတို့၏ ရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဗိုတာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လိုကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစုများ၊ သင်တန်းသားများအနေဖြင့်လည်း မိမိတို့ရွေးချယ်မည့် ကိုယ်စားလှယ်များကို မှန်မှန်ကန်ကန် ရွေးချယ်သွားရန်လိုကြောင်း။

သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင်သင်တန်းသားများအနေဖြင့် အလုမ်းကွာဝေးပြီး မိမိတို့နှင့် အခြေခံမတူသည့် ရေခြား၊ မြေခြားအရပ်ဒေသများတွင် နိုင်ငံတော်၏တာဝန်များကို အခက်အခဲများကြားမှ လာရောက်ထမ်းဆောင်ကြခြင်း၊ ပညာသင်ယူခြင်းများကို ဆောင်ရွက်နေကြရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့်လည်း သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများ၏ အခက်အခဲများကို နားလည်သဘောပေါက်ပြီး လိုအပ်သည်များကို အခါအခွင့်ကြုံသည့်အခါတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ကျရာတာဝန်များကို ထမ်းဆောင်နေကြရာ၌ မိမိကိုယ်ကိုသစ္စာရှိရန်၊ မိမိအလုပ်အပေါ်သစ္စာရှိရန်၊ နိုင်ငံတော်အပေါ်သစ္စာရှိရန်လိုကြောင်း။

**နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရန်လိုကြောင်း**

မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်မှစ၍ ယခုအချိန်အထိ ကပ်ရောဂါကြုံတွေ့ရမှုများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် အခက်အခဲအကျပ်အတည်းနှင့် ပိတ်ဆို့မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စစ်မှန်သည့် စေတနာနှင့် သစ္စာတရားကို လက်ကိုင်ထား၍ ကြံ့ကြံ့ခံဖြတ်ကျော်ခဲ့ခြင်းဖြစ်ကြောင်း၊ သံရုံး၊ စစ်သံရုံး မိသားစု

များ၊ ပညာတော်သင် သင်တန်းသားများအနေဖြင့်လည်း မိမိကိုယ်ကိုနှင့် မိမိအလုပ်ကိုသစ္စာရှိရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရန် မှာကြားလိုကြောင်း။


ငွေကုန်ကြေးကျခံ၍ အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များရရှိနိုင်ရန် ပညာတော်သင် စေလွှတ်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ ကျေးဇူးကို မမေ့ရန်နှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများကို ပြန်လည်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မိမိတို့ ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ အနာဂတ် နိုင်ငံတော်အကျိုးကို တတ်စွမ်းသည့်ဘက်မှ ဖော်ဆောင် သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ပနိုင်ငံ များသို့ ပညာတော်သင် သင်တန်းသားများ စေလွှတ်ပေး လျက်ရှိပြီး အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများ ရရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံ တွင် ပညာတော်သင်များအဖြစ် စိစစ်ရွေးချယ်စေလွှတ် ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကိုတန်ဖိုးထားကြရန်၊ မိမိကိုယ်တိုင်နှင့် နိုင်ငံတော်အတွက် ပိုမိုကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မိမိတို့မြန်မာနိုင်ငံသားများ အချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မှုတစွာ နေထိုင်ကြရန်၊ ဂရုစိုက်ကြရန် မှာကြား လိုကြောင်း၊ မိမိတို့တစ်ဦးချင်းစီအလိုက် အသိ၊ သတိဖြင့် ထိန်းထိန်းသိမ်းသိမ်း နေထိုင်သွားလာစားသောက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက် ကြခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်သွားကြရန် လိုကြောင်း မှာကြားသည်။

■ ■ ■

# ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံစဉ် ပြောကြားသည့် ဆွေးနွေးချက်များ

( ၂၇ - ၉ - ၂၀၂၅ )



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Kassym–Jomart Tokayev နှင့် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်၌ တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနန်းတော်သို့ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့က ဂါရဝပြုကြိုဆိုပြီး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် သမ္မတနန်းတော်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြရာ အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ကာဇက်စတန်

သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. KOSHERBAYEV Yermek Bedelbayevich နှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင်များအား ကာဇက်စတန်နိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်သည် ကာဇက်စတန်နိုင်ငံသို့ ပထမဦးဆုံး လာရောက်သည့် မြန်မာနိုင်ငံမှ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်အနေအထားအရ အချက်အချာကျသည့် နေရာတွင်တည်ရှိနေသည်ကို လေ့လာသိရှိရပါကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်သွားရန် မိမိတို့အနေဖြင့် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ တောင်ဘက်တွင်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့ ကာဇက်စတန်နိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံဘက်မှ ကြည့်မည်ဆိုပါက logistic ပိုင်းဆိုင်ရာ လုပ်ငန်းများကို အကောင်းဆုံးဖြတ်သန်းဆောင်ရွက်နိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ရုရှားနိုင်ငံသာမက အရှေ့တောင်အာရှ နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိစဉ် အဆွေတော်တို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သာယာလှပမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်၊ အမြင်ချင်းဖလှယ်နိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ခုဖြစ်စေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်သည့်အတွက် နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြား သည်။

**ဆွေးနွေး**

ထို့နောက် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် ကုန်သွယ်ရေးနှင့်ကူးသန်း ရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

■ ■ ■

# အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

( ၂၉ - ၉ - ၂၀၂၅ )




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym–Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး စက်တင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ၊ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် (၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ရာ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဖော်ပြအပ်ပါသည်–

**မေး။** ယာယီသမ္မတကြီးအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum မှာ ကျင်းပပြုလုပ်ခဲ့တဲ့ “ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်” (World Atomic week forum) ကို တက်ရောက်ခဲ့ရတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအပေါ်မှာ ဘယ်လိုအကျိုး

ရလဒ်တွေ ရရှိခဲ့ပါသလဲ။ နိုင်ငံတော်အတွက် ဘယ်လို ကဏ္ဍတွေမှာ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့ ရနိုင်မလဲဆိုတာ သိလိုပါတယ်။

**ဖြေ။** မော်စကိုမြို့မှာပြုလုပ်တဲ့ ကမ္ဘာ့အဏုမြူ သီတင်းပတ်ဖိုရမ် (World Atomic week forum)ကို တက်ရောက်ဖို့အတွက် သမ္မတကြီးပူတင်ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်သွားတာဖြစ်ပါတယ်။ အဲဒီမှာတော့ သမ္မတကြီးပူတင်၊ ဘယ်လာရုစ်သမ္မတ၊ အာမေးနီးယားဝန်ကြီးချုပ်၊အီသီယိုးပီးယားဝန်ကြီးချုပ်၊အခြားခေါင်းဆောင်များ၊ IAEA ရဲ့ ညွှန်ကြားရေးမှူးချုပ်တို့ သူတို့နဲ့ တွေ့ဆုံပြီးတော့မှ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အခြေအနေတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီညီလာခံဟာ ထူးခြားတဲ့ ညီလာခံတစ်ခုလည်းဖြစ်ပါတယ်။ အဓိကကတော့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးနဲ့ ပတ်သက်ပြီးတော့ အမြင်ချင်းဖလှယ်ကြတာလည်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လည်း IAEA အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့အတွက်ကြောင့် အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင် အမြင်ချင်းဖလှယ်နိုင်တာလည်း ဖြစ်ပါတယ်။ ရရှိခဲ့တဲ့ အကျိုးရလဒ်ကတော့ တော်တော်လေးကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မေး။** ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံ ခရီးစဉ်အတွင်းမှာ ယာယီသမ္မတကြီးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိအောင် ဆွေးနွေးနိုင်ခဲ့ပါသလဲဆိုတာ သိရှိလိုပါတယ်။

**ဖြေ။** ရုရှားသမ္မတကြီး မစ္စတာပူတင်နဲ့ သီးခြားတွေ့ဆုံနိုင်ခဲ့တာရှိပါတယ်။ မတ်လမှာ တွေ့ဆုံခဲ့ပြီးဖြစ်ပြီးတော့ တွေ့ဆုံခဲ့တဲ့ရလဒ်တွေကို မူတည်ပြီးတော့ တိုးတက်မှုအခြေအနေတွေ။ ဒါတွေကို နှစ်ဖက်သုံးသပ်ပြီး ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့က ကူးသန်းရောင်းဝယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စွမ်းအင်ကိစ္စ၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာကာသနှင့် အဏုမြူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တာရှိပါတယ်။

အလားတူစွာပဲ ကာဇက်စတန်ကိုရောက်ရှိတဲ့အခါမှာလည်း ကာဇက်စတန်သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါလည်း ဒုတိယအကြိမ် ဆွေးနွေးတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လက တစ်ခါဆွေးနွေးပြီးဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးခဲ့တဲ့ ရလဒ်အပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဘယ်ကဏ္ဍတွေမှာ ပိုပြီးတိုးချဲ့ဖို့လိုမလဲ။ မြန်မာနိုင်ငံမှာ ဘာကိုရင်းနှီးမြှုပ်နှံမှုလုပ်မလဲ။ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ အသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံမှာ တန်ဖိုးမြင့်ပစ္စည်းတွေ ဘယ်လိုထုတ်လုပ်ကြမလဲ။ သိပ္ပံနဲ့နည်းပညာဆိုင်ရာ ကဏ္ဍတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ မြို့ပြဆိုင်ရာ ကိစ္စတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ ဒါတွေလည်း ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ရလဒ်တွေရခဲ့တယ်လို့ ပြောလိုပါတယ်။

**မေး။** ယာယီသမ္မတကြီးအနေနဲ့ ကာဇက်စတန်နိုင်ငံကို ပထမဆုံးလာရောက်တဲ့ မြန်မာနိုင်ငံက ခေါင်းဆောင်တစ်ဦးဖြစ်တယ်လို့ သိရှိရပါတယ်။ အနာဂတ်ကာလများမှာလည်း မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုတိုးတက်ဆောင်ရွက်ဖို့ရှိပါသလားဆိုတာ သိရှိလိုပါတယ်။

**ဖြေ။** စောစောက ကျွန်တော်ပြောသလို ကာဇက်စတန်သမ္မတနဲ့ကတော့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းပဲဖြစ်ပါတယ်။ ကာဇက်စတန်နဲ့ကျွန်တော်တို့က သံတမန်ဆက်ဆံမှုက ၂၆ နှစ်ရှိပါပြီ။ ပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်နေ့က သံတမန်ဆက်ဆံမှုလုပ်ခဲ့တာဖြစ်ပြီး ကျွန်တော်ရောက်တဲ့နေ့က ၂၇ ရက်နေ့ဖြစ်ပါတယ်။ အဲဒီတော့ ၂၆ နှစ်ပြည့်ပြီး တစ်ရက်မှာ ရောက်တာပေါ့။ ထူးခြားမှုရှိပါတယ်။ သူတို့သမ္မတကြီးကလည်း ဒါကိုအလေးထားပြီးပြောပါတယ်။ မြန်မာနိုင်ငံခေါင်းဆောင်တစ်ယောက်အနေနဲ့ ပထမဦးဆုံးလာတဲ့ ခရီးစဉ်ဖြစ်တယ်။ New Step ခြေလှမ်းသစ်တစ်ခုကို စခဲ့တယ်ဆိုတာလေးသူပြောတာပေါ့။ စောစောက ကျွန်တော်ပြောသလိုပဲ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေမှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေ၊ သိပ္ပံနှင့်နည်းပညာကိစ္စရပ်တွေ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ဒါတွေ

ကျွန်တော်တို့ပြောဆိုဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ကာဇက်စတန်နိုင်ငံက တိုးတက်တဲ့နိုင်ငံတစ်ခုဆိုတာ မြင်ပါတယ်။ အဓိကကတော့ မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေ၊ အထူးသဖြင့် မြေအောက်သယံဇာတပစ္စည်းတွေ။ ရေနံနဲ့ဓာတ်ငွေ့တို့၊ ကြေးနီ၊ ရွှေ၊ ခရိုမီယမ်၊ သံတော်တော်လေး ထွက်ပါတယ်။ ကမ္ဘာမှာလည်း ထိပ်တန်းတင်ပို့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလည်းလုပ်တဲ့ နိုင်ငံတစ်ခုပါ။ သူတို့နိုင်ငံက ဂျုံက ကမ္ဘာမှာ အကောင်းဆုံးဂျုံထဲမှာပါတာတွေ့ပါတယ်။ ဒါလည်း နမူနာသုံးစွဲကြည့်ပြီး ဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းထဲမှာလည်း အဓိကတော့ ပေါ်ဆန်းမွှေးဆန်ပေါ့။ ပေါ်ဆန်းမွှေးဆန်ကိုတော်တော်လေး စိတ်ဝင်စားပါတယ်။ ကျွန်တော်လည်း ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံကလည်း ဘယ်လိုလမ်းကြောင်းကနေ သူတို့ဆီပို့မလဲပေါ့။ ဒီဟာတွေ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တွေ့ဆုံနိုင်ခဲ့မှု အခြေအနေကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို နှစ်ဦးနှစ်ဖက်ကနေ စိတ်အားထက်သန်စွာနဲ့ တိုးချဲ့ဆောင်ရွက်သွားဖို့ ဆန္ဒရှိတာတွေ့ရပါတယ်။

**မေး။** ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်တဲ့အခါ နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်အစိုးရအနေနဲ့ အဘက်ဘက်မှ လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒါ့အပြင် ပြည်သူပြည်သားတွေအနေနဲ့လည်း အားတက်သရော ဘယ်လိုပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးသင့်သလဲဆိုတာ ယာယီသမ္မတကြီးအနေနဲ့ ပြောပြပေးပါဦးရှင့်။

**ဖြေ။** အဓိကတော့ ကျွန်တော်တို့က ဘက်ပေါင်းစုံက ကြိုးစားဖို့လိုတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုတွေလည်း ပြည်ထောင်စုရဲ့အကျိုးကို ရည်မှန်းပြီးတော့ အမြင်ကျယ်ကျယ်နဲ့ လုပ်ဖို့လိုတယ်။ တချို့ပြောဆိုနေကြတာတွေက တော်တော်လေးကို အားနည်းချက်တော့ ရှိတယ်လို့ ကျွန်တော်မြင်တယ်။ အဓိကတော့ သူတို့နိုင်ငံရေးအရ၊ ဘာသာရေးအရ၊ တိုင်းရင်းသားရေးအရ တချို့ပြောဆိုနေတာလေးပေါ့။ ပြောဆိုတာလေးတွေက ဒီထက်ပိုပြီး အမြင်ကျယ်ကျယ်နဲ့ ပြောဆိုလုပ်ကိုင်မယ်ဆို ပိုကောင်းမယ်လို့ ကျွန်တော်မြင်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့တွေ ကြိုးစားအားထုတ်မှုလည်း လိုတယ်။ ကြိုးစားအားထုတ်တာက နှစ်ပိုင်းပေါ့။ တစ်ခုကတော့ ပညာသင်ကြားရေးအပိုင်းကို သွားရမယ်။ ဒါက ငြင်းပယ်လို့ မရဘူး။ ပကတိတိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေက ပညာရေးအားနည်းချက်ရှိတယ်လို့ ပြောရမှာပဲ။ ဒုတိယက ဘာလဲဆိုရင် ကုန်ထုတ်လုပ်မှု၊ အလုပ်လုပ်ဖို့လိုတာပေါ့။ ဒီနှစ်ခု ကျွန်တော်တို့ လုပ်ကိုလုပ်ရမယ်။ ကျွန်တော် ပြောခဲ့ဖူးပါတယ်။ အဲဒါ ဘာလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့က သယံဇာတပစ္စည်းတွေအပေါ်မှာပဲ ရောင်းတာပေါ့။ တွင်းထွက်ပစ္စည်းတွေ၊ ရေနံဓာတ်ငွေ့တွေ ရောင်းတာရှိမယ်။ နောက်တစ်ခါ သစ်တောထွက်ပစ္စည်းတွေ ရောင်းတာရှိမယ်။ ဒါပေမဲ့ ကျွန်တော်တို့က အလုပ်လုပ်ပြီး ထုတ်လို့ရတဲ့ ပစ္စည်းတင်ပို့ရောင်းချမှုက အားနည်းပါတယ်။ ဒါကျွန်တော်က ထောက်ပြပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ရေမြေတောတောင်တွေကို အသုံးချပြီးတော့မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို သွားဖို့လိုတယ်။ အဲ့ဒါတော့ ခိုင်မာတဲ့လုပ်ငန်းပဲ။ ခုနက သယံဇာတထုတ်ရောင်းတယ်ဆိုတာ ခိုင်မာတဲ့လုပ်ငန်းတော့ မဟုတ်ဘူး။ ခိုင်မာတဲ့လုပ်ငန်းဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော် ကာဇက်စတန်သွားတဲ့အချိန်မှာ သတိပြုမိတာရှိတယ်။ ကျွန်တော်တို့က GDP မှာ သုံးခု ဖော်ပြပါတယ်။ ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးပေါ့။ သူတို့က စိုက်ပျိုးရေးကဏ္ဍ တော်တော်နည်းတာတွေ့တယ်။ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍကတော့ တော်တော်လေးများတာ တွေ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ၂၀ ရာခိုင်နှုန်းလောက် ရှိတာပေါ့။ သူတို့လည်း သတိပြုမိမယ် ထင်ပါတယ်။ အခု သူတို့လည်း စိုက်ပျိုးရေးတွေ၊ ကုန်ထုတ်လုပ်မှုတွေ တော်တော်လေးအားပေးနေတာတွေ့ပါတယ်။ သူတို့နိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် ချက်ချင်းကို တိုတောင်းတဲ့ ကာလအတွင်းမှာ ခွင့်ပြုပေးတယ်လို့ပြောတယ်။ ကျွန်တော်တို့ဆီမှာလည်း ကုန်ထုတ်လုပ်မှုနဲ့ ပတ်သက်လို့ရှိရင် လူတိုင်းက စိတ်ဝင်စားဖို့လိုတယ်။ အရောင်းအဝယ်ထက် ကုန်ထုတ်လုပ်မှုကို အရင်စလုပ်ပြီးတော့ ကုန်ထုတ်လုပ်မှုကတစ်ဆင့် တိုင်းပြည်ဝင်ငွေကို ရအောင်ရှာရမှာ ဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အနေနဲ့ သတိပြုမိဖို့ လိုတယ်လို့

ကျွန်တော် ပြောချင်ပါတယ်။

**မေး။** ယခုခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်ဖြစ်ခဲ့ပြီး ယာယီသမ္မတကြီးအနေနဲ့ နေ့မအားညမနား ဆောင်ရွက်ခဲ့တာတွေကို မြင်တွေ့ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်ရှင့်။ ယာယီသမ္မတကြီးအနေနဲ့လည်း ဒီခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ အောင်မြင်မှုတွေကို ပြောပြပေးပါဦးရှင့်။

**ဖြေ။** အောင်မြင်တဲ့ခရီးစဉ်ပါဗျ။ ရုရှားနိုင်ငံကို ကျွန်တော်တို့သွားတဲ့အချိန်မှာ အဏုမြူကိစ္စနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ နောက်တစ်ခါ အာကာသနဲ့ ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒီနှစ်ခုကို သဘောတူညီချက်ယူခဲ့တာရှိပါတယ်။ အဲဒါလည်း နိုင်ငံအတွက် ခြေလှမ်းသစ်တွေ စပြီးချလိုက်တာပေ့ါ။ နောက်တစ်ခုက ကာဇက်စတန်နိုင်ငံပေ့ါ။ ကာဇက်စတန်နိုင်ငံက တရားဝင်လွတ်လပ်ရေးရတာတော့ ၁၉၉၁ ခုနှစ် နှောင်းပိုင်းကျမှ လွတ်လပ်ရေးရတာပါ။ ဒါပေမဲ့ သမိုင်းကြောင်းအခြေခံက အများကြီးရှိခဲ့ပါတယ်။ သူ့ရဲ့ လူသားအရင်းအမြစ် သဘာဝအရင်းအမြစ်တွေကို အသုံးချပြီးလုပ်တဲ့အခါမှာ အခုတိုးတက်မှုတွေက မျက်ဝါးထင်ထင်မြင်ရတာပေ့ါ။ ဒီလိုပဲ အက်စတာနာမြို့တော်တည်လာတာ ကျွန်တော်တို့ နေပြည်တော်ထက် နည်းနည်းလေးပဲစောပါတယ်။ ဒါပေမဲ့ သူတို့ကတော့ မြေအနေအထား အတော်လေးသေးတဲ့အတွက်ကြောင့် တည်ဆောက်ရေးက အတော်လေးအားရတာပေ့ါလေ။ အတုယူစရာတွေ တွေ့တာပေ့ါ။ ကျွန်တော်သွားကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း ဒီလိုမျိုး တိုးတက်တဲ့ မြို့ပြတည်ဆောက်မှုတွေ ဘယ်လိုလုပ်ကြမလဲဆိုတာလည်း စဉ်းစားလုပ်ကိုင်လို့ရတာပေ့ါ။ ဒါကလည်း အောင်မြင်မှုလို့ ကျွန်တော်ပြောချင်ပါတယ်။

■ ■ ■

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ
## ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (**Agro-based Industries**) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ISBN 978-99986-56-38-3
9 789998 656383